# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ စနေနေ့။ Saturday, 12 November 2022 ၁၀၉၁၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၉/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# တိုင်းပြည်စီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်မည်

## ပြည်သူနှင့်တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏အနာဂတ်အတွက် အကောင်းဆုံးဖြစ်

## ရွေးကောက်ပွဲကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၉/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

**အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်**

စာမျက်နှာ » ၈

**ဆောင်းလေအေးလေး ထိတွေ့ရေး နံနက်ခင်းတိုင်း လမ်းလျှောက်ပေး**

ဆောင်းပါး စာမျက်နှာ » ၁၁




**ကမ္ဘာတစ်ဝန်းရှိ နည်းပညာကုမ္ပဏီများ တရုတ်နိုင်ငံဈေးကွက်၏ အလားအလာကို ယုံကြည်**

စာမျက်နှာ » ၁၃

# ငြိမ်းချမ်းရေးအသီးအပွင့်များ တန်းတူခံစား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားပြည်သူအားလုံး တန်းတူညီမျှခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စု၏ အဓိကလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို မျက်ခြည်မပြတ် အားစိုက်ဆောင်ရွက်နေသည်။

အဓိကမှာ တိုင်းရင်းသားပြည်သူများအားလုံး လုံခြုံစိတ်ချအေးချမ်းစွာဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာရေးကို ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်ကို စတင်တာဝန်ယူဆောင်ရွက်သည့်အချိန်မှစ၍ ချမှတ်ထားသည့် အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉) ရပ်တို့ကို အဆင့်ဆင့်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍများအားလုံးကို နိုင်ငံတစ်ဝန်းတွင် ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့သော် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ကြကာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ကို ပြည်တွင်း/ပြည်ပမှ မလိုလားသူများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်နေသည့် အစိုးရအား ဆန့်ကျင်တိုက်ခိုက်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများပြုလုပ်နေသည့် အန္တရာယ်မျိုးစုံတို့ကို တစ်ဖက်တွင် တွန်းလှန်ချေမှုန်းလျက်ရှိရာ အဆိုပါအဖျက်လုပ်ရပ်များကို ချေမှုန်းသုတ်သင်ရှင်းလင်းနိုင်မှ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်များကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တိုင်းရင်းသားပြည်သူများကလည်း ကောင်းမွန်သောအသိစိတ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လိုအပ်ချက်အသီးသီးကို ဖြည့်ဆည်းပေးနိုင်ရန် အနှောင့်အယှက်ပေးနေသည့် အဖျက်ရန်စွယ်အန္တရာယ်မှန်သမျှကို ရှင်းလင်းဖယ်ရှားလျက်ရှိပြီး ယခုအခါ တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများ ရရှိလာပြီဖြစ်သည်။ နိုင်ငံရေးကို အကြောင်းပြု၍ ဆန့်ကျင်ဘက်အဖွဲ့အစည်းများတွင် အကြောင်းအမျိုးမျိုးဖြင့် ပါဝင်ခဲ့ကြသည့် ပြည်သူများအနေဖြင့် ယနေ့အချိန်ကာလတွင် အသိမှန်၊ အမြင်မှန်ရကာ ပြည်သူ့ရင်ခွင်တွင် ပြန်လည်ခိုလှုံကြရမည့်အချိန်အခါဖြစ်ပြီး နိုင်ငံအစိုးရကလည်း ပြစ်မှုကျူးလွန်ခြင်းမရှိသူများကို ကြိုဆိုလက်ခံလျက်ရှိသည်။ တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နေသောအချိန်တွင် ငြိမ်းချမ်းရေးတံခါးကိုလည်း အမြဲဖွင့်လှစ်ပေးထားရာ ငြိမ်းချမ်းရေးခရီးလမ်းတွင် ပါဝင်ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းရှင်းစွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တွေ့ဆုံဆွေးနွေးအဖြေရှာလျှင် အောင်မြင်မှုရှိလာနိုင်မည်ဖြစ်သည်။ ယခုအခါ ငြိမ်းချမ်းရေးကိုလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးစားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာနေကြပြီး နိုင်ငံ့အကျိုးစီးပွားကိုမလိုလားဘဲ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်းပြုလုပ်နေသည့် အမျိုးသားသစ္စာဖောက်များနှင့် ပြည်တွင်း/ပြည်ပ အဖျက်အန္တရာယ်များကိုလည်း အထူးသတိပြုကြရန်လိုအပ်ပေသည်။ ယခုအခါ ပြည်တွင်းအခြေအနေ တိုးတက်ကောင်းမွန်နေပြီဖြစ်၍ ပြည်တွင်းအဖျက်သမားလက်ကျန်များနှင့် ပြည်ပအနှောင့်အယှက်များကို အထူးသတိထားကြရမည်ဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဟန်ချက်ညီညီလက်တွဲဆောင်ရွက်ပြီး အားလုံး၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ အေးချမ်းသာယာဝပြောသည့် ပြည်ထောင်စုကြီးကို နိုင်ငံ့အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ စွမ်းပကားများနှင့်ပေါင်းစပ်၍ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည်မှာ ၇၅ နှစ်စိန်ရတုကာလသို့ ရောက်ရှိလာတော့မည်ဖြစ်၍ ထိုကာလတွင် လွတ်လပ်ရေး၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူအားလုံး တန်းတူညီမျှ ခံစားကြရမည့်အချိန်အခါဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခံယူချက်ပြည့်ဝမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံးတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသီးအပွင့်များကို အားလုံးတန်းတူညီမျှ ရရှိခံစားနိုင်အောင် ဆက်လက်၍ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။
★ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။
★ အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။
★ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်၊ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၇-၁၁-၂၀၂၂)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးအောင်ကျော်စိုးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၀၀၀ | ၁,၃၉၆ | ၁၂,၇၈၃,၂၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၈,၅၈၀ | ၂၈,၇၆၈,၇၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁ | ၇,၇၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၆၇ | ၁,၃၀၆,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁ | ၂,၇၅၀ |
| EFR | ၂,၇၀၀ | ၂,၆၀၀ | ၅၄၀ | ၁,၄၃၄,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၇၀ | ၃၄၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၅၂.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၄.၈၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၃၀၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၄.၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၉၃၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၈.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၃.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၉၂.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၈၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးညှိနှိုင်းခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ဘဏ္ဍာရေးနှင့် ငွေကြေးစနစ် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားနိုင်ငံမှ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များ၊ တွင်းထွက်နှင့် သဘာဝသယံဇာတ ပစ္စည်းများကို တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ရုရှားနိုင်ငံသို့တင်ပို့ရောင်းချရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevichနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevich အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး SHATIROV Alexander Sergeevichတို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးဇုန်များပြုလုပ်၍ MSME လုပ်ငန်းများဖြင့် အခြေခံကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် ဆွေးနွေးတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ် ဆွေးနွေးတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဗညားအောင်မိုး ဆွေးနွေးတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင် ဆွေးနွေးတင်ပြစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဆွေးနွေးတင်ပြစဉ်။

☆ **ရွှေ့ဖုံးမှ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့်တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထား သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင် သကဲ့သို့ လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် အဖွဲ့များလည်းပါဝင်ကြောင်း၊ လာရောက်ဆွေးနွေး သည့် အဖွဲ့များအားလုံးအနေဖြင့် ငြိမ်းချမ်းရေးလမ်း ကြောင်းပေါ်တွင် လျှောက်လှမ်းလိုသည့် သဘော ထားများရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပေါ်တွင် အခြေခံ၍ ဆွေးနွေးနေခြင်းဖြစ် ကြောင်း၊ မိမိတို့အနေဖြင့် ၎င်းတို့နှင့် ဆွေးနွေးချိန် အတွင်း ဥပဒေအရဆောင်ရွက်၍ရသည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင် ရန်အတွက် နိုင်ငံရေးအရ အမြင့်ဆုံးရှိသည့် လွှတ်တော်ကိုတင်ပြရမည်ဖြစ်ကြောင်း၊ လွှတ်တော် တွင် ဆွေးနွေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ရန်လိုအပ် သဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် များအားလုံးတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် လိုကြောင်း၊ လွှတ်တော်တွင် တိုင်းရင်းသားကိုယ်စား လှယ်များပါဝင်ရမည်ဖြစ်ပြီး အဆိုပါ ကိုယ်စားလှယ် များအနေဖြင့် တိုင်းရင်းသားအရေး၊ ဒေသအရေးများ ကို စိတ်ပါဝင်စား၍ ဆွေးနွေးနိုင်သူများဖြစ်ရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားများ ပါဝင်နိုင်ရေး PR စနစ်ဖြင့် ဆောင်ရွက်နိုင်သည်ကို မိမိအနေဖြင့် ရှင်းလင်းပြောကြားခဲ့ရာ အချို့အဖွဲ့များအနေဖြင့် သဘောတူညီမှုများရှိကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးလျက် ရှိကြောင်း၊ ဒီဇင်ဘာလအတွင်း သဘောတူညီချက် တစ်ခုရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ငြိမ်းချမ်း ရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ ထိုက်သင့်သလောက် တိုးတက်မှုများရှိသည်ကို တွေ့ရှိရကြောင်း၊ အချို့ သော တိုင်းရင်းသားဒေသများတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် နိုင်ငံသားမှတ်ပုံတင်ပြုလုပ်ခြင်း များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မဲစာရင်းပြုစုခြင်းလုပ်ငန်းများ ကို အထောက်အကူဖြစ်စေပြီး လာမည့်အထွေထွေ ရွေးကောက်ပွဲတွင် ယခင်ရွေးကောက်ပွဲများ၌ ကျန်ရှိ ခဲ့သည့် တိုင်းရင်းသားဒေသများ၌ပါ ရွေးကောက်ပွဲ ကျင်းပနိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံစီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ**

မိမိအနေဖြင့် နိုင်ငံ၏စီးပွားမြှင့်တင်နိုင်ရေး အတွက် စက်တင်ဘာလမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ပြီး အသေးစား၊ အငယ် စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး MSME လုပ်ငန်းရှင် များနှင့်တွေ့ဆုံ၍ အကျိုးရှိသည့်တွေ့ဆုံဆွေးနွေးမှု များကို ပြုလုပ်နိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် တိုင်းပြည် များမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ် မှုလုပ်ငန်းများ ဆောင်ရွက်ရန် မိမိအနေဖြင့် တိုက်တွန်းနေခြင်းဖြစ်ကြောင်း၊ မိမိတို့၏ ရည်ရွယ် ချက်မှာ ပြည်တွင်းစီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပို့ကုန်များ တင်ပို့နိုင်ရန်ဖြစ်ကြောင်း၊ ယခင်က ပြည်တွင်း ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခြင်းမရှိဘဲ ပြည်ပမှ တင်သွင်းမှုများကိုသာ ဆောင်ရွက်ခဲ့ခြင်း ကြောင့် ကုန်သွယ်မှုလိုငွေများ မြင့်တက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ် မှုကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

**☆ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ အချို့ကုန်ကြမ်းများမှာ ပြည်ပမှတင်သွင်းရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ထုတ်လုပ်မှုများကို ဆောင်ရွက်ခြင်းသည် သေချာသည့် လုပ်ငန်းတစ်ရပ်ဖြစ်**

**☆ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် MSME လုပ်ငန်းများကို မြှင့်တင်ပေးခြင်းသည် များစွာ အကျိုးရှိကြောင်း၊ MSME လုပ်ငန်းတွင် ကဏ္ဍလေးခုရှိကြောင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှုပြုလုပ်ခြင်းနှင့် အခြားလုပ်ငန်းရပ်များပင်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုမရှိဘဲနှင့် ရောင်းဝယ်မှုမရှိနိုင်ကြောင်း၊ ရောင်းဝယ်မှုမရှိပါက ဝန်ဆောင်မှုလည်း မရှိနိုင်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ် ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးဇုန်များပြုလုပ်၍ MSME လုပ်ငန်းများဖြင့် အခြေခံကုန်ပစ္စည်းများထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက် ရမည်**

MSME လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် စီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် ကျေးလက်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ် မှုများကို အားပေးဆောင်ရွက်နေခြင်းဖြစ်သည်ကို ဆွေးနွေးပြောကြားခဲ့ကြောင်း။

ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ အချို့ကုန်ကြမ်းများမှာ ပြည်ပမှတင်သွင်းရခြင်းဖြစ် ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ထုတ်လုပ်မှုများကို ဆောင်ရွက်ခြင်း သည် သေချာသည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အတွက် ချေးငွေများလိုအပ်သည်ဟု တင်ပြမှုများရှိ ကြောင်း၊ မိမိတို့အနေဖြင့် သာမန်ချေးငွေနှင့် ကိုဗစ် ကြောင့် ပျက်စီးသွားသည့်လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် ချေးငွေများထုတ်ချေးပေး ထားကြောင်း၊ အဆိုပါ ချေးငွေများနှင့်ပတ်သက်၍ သက်တမ်းတိုးမြှင့်ပေးရန် တင်ပြမှုများရှိကြောင်း၊ ထို့ကြောင့် ၎င်းတို့အခက်အခဲများ လျှော့နည်းစေရေး နိုင်ငံတော်မှ ချေးငွေသက်တမ်းကို ကာလတစ်ခုအထိ တိုးမြှင့်ပေးခဲ့ကြောင်း၊ မတည်ရင်းနှီးငွေများ ချေးပေး ရန်တင်ပြမှုများနှင့် ပတ်သက်၍လည်း သတ်မှတ် ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိကြောင်း။

လူသားအရင်းအမြစ်များ ရရှိရေးအတွက်လည်း အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာ အဆင့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးရန် လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု လုပ်ငန်းများအတွက် အထက်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားပေးရန် ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်အနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေး သိပ္ပံနှင့် စက်မှုလက်မှုသိပ္ပံများဖြင့် ဆောင်ရွက်လျက်ရှိ ကြောင်း၊ ဆန္ဒနှင့်အညီတက္ကသိုလ်များသို့ တက်ရောက် သင်ကြားရေးဆောင်ရွက်၍ရကြောင်း၊ ဝန်ကြီးဌာန များအလိုက် လူသားအရင်းအမြစ်များမွေးထုတ်ပေး နိုင်ရေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများကလည်း သင်တန်း များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရ ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် MSME လုပ်ငန်းများကို များစွာအထောက်အကူပြုစေ ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် MSME လုပ်ငန်းများကို မြှင့်တင်ပေးခြင်းသည် များစွာအကျိုး ရှိကြောင်း၊ MSME လုပ်ငန်းတွင် ကဏ္ဍလေးခုရှိ ကြောင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဝန်ဆောင် မှုပြုလုပ်ခြင်းနှင့် အခြားလုပ်ငန်းရပ်များပင်ဖြစ် ကြောင်း၊ ထုတ်လုပ်မှုမရှိဘဲနှင့် ရောင်းဝယ်မှုမရှိနိုင် ကြောင်း၊ ရောင်းဝယ်မှုမရှိပါက ဝန်ဆောင်မှုလည်း မရှိနိုင်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း သည် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုး မွေးမြူရေးဇုန်များပြုလုပ်၍ MSME လုပ်ငန်းများဖြင့် အခြေခံကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းကို အားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နိုင်ငံစီးပွားမြှင့်တင်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု**

နိုင်ငံစီးပွားရေးမြှင့်တင်မှုအတွက် နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြရကြောင်း၊ မိမိတို့နိုင်ငံ တွင် စီးပွားရေးမြှင့်တင်နိုင်သည့် အလားအလာများစွာ ရှိသော်လည်း မျှော်လင့်သလောက်တင်ပို့နိုင်မှုမရှိ သည်ကို တွေ့မြင်နေရကြောင်း၊ ကုန်သွယ်မှုနှင့် ပတ်သက်၍ နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေ ကြောင်း ပို့ဆောင်ရေးလုပ်ငန်းများရှိကြောင်း၊ ပင်လယ်ရေကြောင်းပို့ဆောင်ရေးသည် မိမိတို့နိုင်ငံ ၏ ကုန်သွယ်မှုအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့်ရှိပြီး နယ်စပ်ကုန်သွယ်ရေးသည် ၂၅ ရာခိုင်နှုန်းခန့်ရှိ ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတွင် စိုက်ပျိုးမွေးမြူ ရေးထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ကြ ကြောင်း၊ ထို့ကြောင့် နိုင်ငံစီးပွားမြှင့်တင်ရေးအတွက် ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

## တိုင်းပြည်စည်းလုံးညီညွတ်မှု မပျက်ပြားစေရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်

တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် စီးပွားရေးထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံရေးအကျပ်အတည်းများကြောင့် တိုင်းပြည်ဆူပူမှုများဖြစ်ပေါ်ပြီး လုယက်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် မိုင်းထောင်ဖောက်ခွဲမှုများဖြစ်ပွားခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်နေသူများထံမှ လက်နက်ခဲယမ်းများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ယခုအခါ အကြမ်းဖက်တိုက်ခိုက်မှုများ နည်းပါးသွားသော်လည်း အချို့သောနေရာများတွင် ကျန်ရှိနေသေးကြောင်း။

တပ်မတော်သည် တိုင်းပြည်၏ အစိတ်အပိုင်း၊ ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်ဟု မိမိအနေဖြင့် မကြာခဏပြောကြားခဲ့ကြောင်း၊ တပ်မတော်သားများသည် ပြည်သူများမှ မွေးဖွားလာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် တပ်မတော်အနေဖြင့် အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါတွင်လည်း မိမိတို့အနေဖြင့် နိုင်ငံတော်အားအရေးပေါ်အခြေအနေ ကြေညာခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီသာ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် စောင့်ထိန်း၍ အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေမှာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေဖြစ်သဖြင့် အခြေအနေချင်းမတူညီကြောင်း၊ ပြည်သူနှင့်တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ်ကြောင်း၊ တပ်မတော်သည်အမြဲတမ်းတည်ရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏ အားဖြစ်ကြောင်း၊ တိုင်းပြည်၏ စုစည်းညီညွတ်မှုများမပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးကြောင့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်မြှင့်တင်ဆောင်ရွက်ရာတွင် ကုန်စည်စီးဆင်းမှုချောမွေ့စေရေးအတွက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ကောင်းမွန်နေရန်နှင့် အနှောင့်အယှက်အတားအဆီးများမရှိရန် လိုအပ်ကြောင်း၊ အချို့သော ကုန်စည်စီးဆင်းသည့် လမ်းကြောင်းများနှင့် ရထားလမ်းများ၌ အနှောင့်အယှက် အတားအဆီးများ ရှိနေသေးသောကြောင့် နိုင်ငံတော်မှ လုံခြုံရေးဆောင်ရွက်ရခြင်းများရှိကြောင်း။

### ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိ

ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နောက်ဆုံးအချက်၌ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဟု ပါဝင်ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲ သုံးကြိမ်၌ ပထမအကြိမ်ရွေးကောက်ပွဲတွင် မြို့နယ် ၃၂၅ မြို့နယ်၊ ဒုတိယအကြိမ်တွင် ၃၂၃ မြို့နယ်၊ တတိယအကြိမ်တွင် ၃၁၅ မြို့နယ်တို့တွင် ကျင်းပခဲ့ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် နယ်မြေများအားလုံးတွင် မှန်ကန်သည့် ရွေးကောက်ပွဲ၊ ပြည်သူအများစုက လက်ခံသည့်ရွေးကောက်ပွဲဖြစ်မှသာ နောင်တက်လာမည့် အစိုးရကလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်ရန်အတွက် ပါတီများ စနစ်တကျဖွဲ့နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ ပါတီများအနေဖြင့် ပြည်သူများကအားကိုးရသည့်ပါတီ၊ ရွေးချယ်ခံရသည့် ပါတီကိုယ်စားလှယ်သည်လည်း ပြည်သူကအမှန်ယုံကြည်စိတ်ချစွာဖြင့် ရွေးချယ်သည့် လွှတ်တော်အမတ်များဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို PR စနစ်ဖြင့် ကျင်းပနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ကောင်စီဝင်များအနေဖြင့်လည်း ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက်ကောင်စီဝင်များက အကြမ်းဖက်လုပ်ဆောင်ချက်များကို ထိရောက်စွာ အရေးယူနိုင်ရန် ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအား ပြစ်မှု၊ ပြစ်ဒဏ်မျှတရေးလိုအပ်သလို ပြင်ဆင်ဖြည့်စွက်မှုများဆောင်ရွက်ရေး၊ အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်ရေးစိစစ်ဆောင်ရွက်မှု အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များဦးဆောင်သည့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ဆောလျင်စွာ ဖွဲ့စည်းပေးနိုင်ရေး၊ အချိုးကျကိုယ်စားပြုစနစ်(PR) အောင်မြင်စွာ ကျင့်သုံးနိုင်ရေးအတွက် အခြေခံလိုအပ်ချက်များ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရေး၊ ကျောက်စိမ်းတရားမဝင် တူးဖော်နေမှုများအားအရေးယူဆောင်ရွက်ပေးရေး၊ ကျောက်မျက်၊ ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်းအပေါ် အခွန်ကောက်ခံမှုအား ပြန်လည်သုံးသပ်ပေးရေး၊ နိုင်ငံတော်အနေဖြင့် သတ်မှတ်အခွန်ကောက်ခံ၍ မြေရှားသတ္တုတူးဖော်ခွင့်ပြုရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီးနှင့် ထောက်ပံ့ရေးကွင်းဆက်အစီအမံများ ဆောင်ရွက်ပေးရေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ကာလရှည်တာဝန်ပေးအပ်နိုင်ရန် ဥပဒေပြင်ဆင်ပြဋ္ဌာန်းပေးရေး၊ ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ ပါတီစုံစနစ်ပီပြင်စေရေးနှင့် ရွေးကောက်ပွဲအပေါ် အများပြည်သူယုံကြည်မှုရှိစေရေးအတွက် လိုအပ်ချက်များအား ကြိုတင်ဆောင်ရွက်ထားနိုင်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ရေချိုရရှိရေးနှင့် စိုက်ပျိုးရေးရရှိရေးအတွက် သံလွင်မြစ်ပေါ်တွင် ရေပိုလွှဲတည်ဆောက်၍ မြစ်ငယ်မြစ်သို့ ရေလွှဲသွယ်ယူနိုင်ရေးစီမံကိန်းကို စဉ်းစားသုံးသပ်ရေး၊ စိန်ရတုလွတ်လပ်ရေးနေ့အကြိုကာလတွင် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ဆုရရှိခဲ့သည့် ပွဲစဉ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးရေး၊ ရခိုင်ပြည်နယ်ရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရမှ ကူညီပံ့ပိုးဆောင်ရွက်ပေးရေး၊ ရွေးကောက်ပွဲပျက်ပြားစေရန် ဟန့်တားနှောင့်ယှက်နိုင်သည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်ခြင်းမရှိစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရေး၊ နေပြည်တော်၌ ၂၀၂၂ ခုနှစ် ခရစ်စမတ်ပွဲတော် ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကောင်စီအတွင်းရေးမှူးက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အကြမ်းဖက်လုပ်ဆောင်ချက်များအား ထိထိရောက်ရောက်အရေးယူနိုင်ရန် တရားရေးမဏ္ဍိုင်မှကြပ်မတ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံအချက်အလက်များ ပြည့်စုံမှန်ကန်အောင် သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိကြောင်း၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ထမ်းဆောင်မှုသက်တမ်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ယင်းကိုပြင်ဆင်လိုပါက လွှတ်တော်တွင်သာ ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း၊ တရားမဝင်ကျောက်စိမ်း၊ မြေရှားသတ္တုတူးဖော်ထုတ်လုပ်နေမှုများနှင့်စပ်လျဉ်း၍ တားဆီးကာကွယ်ထိန်းသိမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအတွက် သမဝါယမအစုအဖွဲ့များ စုဖွဲ့ဆောင်ရွက်ပါက နိုင်ငံတော်မှ ချေးငွေများ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ သံလွင်မြစ်ပေါ်တွင် ရေပိုလွှဲတည်ဆောက်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပြင်ဆင်ချက်နှင့် စပ်လျဉ်းသည့်ဆွေးနွေးချက်များအား ပြန်လည်စဉ်းစားသုံးသပ်သွားမည်ဖြစ်ကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့အကြိုကာလတွင် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ဆုရရှိခဲ့သည့် ပွဲစဉ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများက ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့ အစိုးရလက်ထက်တွင် နိုင်ငံခြားချေးငွေပြန်လည်ပေးဆပ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်ဝင်ငွေမှ အမေရိကန်ဒေါ်လာ ၁၄၉၅ သန်း ပြန်လည်ပေးဆပ်ပြီးဖြစ်ကြောင်း ပြည်ပချေးငွေနှင့်ထောက်ပံ့ငွေများ ရယူခဲ့ခြင်းမရှိဘဲ ကုန်သွယ်မှုရငွေ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုရငွေ၊ အခွန်အခရငွေများဖြင့် ပေးဆပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာအတွက် ယခင်အစိုးရ၏ နိုင်ငံခြားချေးငွေများကို နှစ်စဉ်ပုံမှန်ပေးဆပ်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယင်းအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိရန် တာဝန်ရှိသူအားလုံးက ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

- **မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံခြားချေးငွေပြန်လည်ပေးဆပ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်ဝင်ငွေမှ အမေရိကန်ဒေါ်လာ ၁၄၉၅ သန်း ပြန်လည်ပေးဆပ်ပြီးဖြစ်ကြောင်း ပြည်ပချေးငွေနှင့်ထောက်ပံ့ငွေများ ရယူခဲ့ခြင်းမရှိဘဲ ကုန်သွယ်မှုရငွေ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုရငွေ၊ အခွန်အခရငွေများဖြင့် ပေးဆပ်နိုင်ခဲ့**
- **နိုင်ငံတော်၏ ဂုဏ်သိက္ခာအတွက် ယခင်အစိုးရ၏ နိုင်ငံခြားချေးငွေများကို နှစ်စဉ်ပုံမှန်ပေးဆပ်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်**
- **မိမိတို့အစိုးရအနေဖြင့် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယင်းအတွက် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိရန် တာဝန်ရှိသူအားလုံးက ကြိုးပမ်းဆောင်ရွက်သွားရမည်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ထန်းတပင်တောရကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်သဇင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံးပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ရွှေရင်အေးကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ သုစိတ္တာလင်္ကာရပရိယတ္တိ စာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဟိုခုံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပညာစက္ကရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရှမ်းစုဆီးဘန်နီကျောင်းတိုက်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ ဣန္ဒာသယ(ခ)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ကွင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးစေတီပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အေးချမ်းမြေကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**သင့်ကျန်းမာရေး အတွက် နေ့စဉ် နံနက်စောစော လမ်းလျှောက်ပေးပါ**

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်သူများကြည့်ရှုလေ့လာနိုင်ရန် ပြခန်းများ ခင်းကျင်းပြသ

**ဘားအံ နိုဝင်ဘာ ၁၁**

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများနှင့် လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးနှင့် အခြားဆောင်ရွက်ချက်များကို သိရှိစေရန်နှင့် အသိပညာဗဟုသုတများရရှိစေရန် ကြည့်ရှုလေ့လာနိုင်စေရေး ဌာနဆိုင်ရာပြခန်းများအား ကရင်ပြည်နယ် ဘားအံမြို့ရှိ သီရိကွင်း၌ ခင်းကျင်းပြသသည်။

**ပြခန်းများ**

အဆိုပါ ပြခန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်နှင့်တာဝန်ရှိသူများက အခမ်းအနားဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ဌာနဆိုင်ရာပြခန်းများအဖြစ် ကရင်စာပေနှင့် ယဉ်ကျေးမှုပြခန်း၊ တိုင်းရင်းသားရေးရာပြခန်း၊ စည်ပင်သာယာရေးအဖွဲ့ပြခန်း၊ နတလပြခန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပြခန်း၊ လမ်းဦးစီးဌာနပြခန်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနပြခန်း၊ စာပေအနုပညာပြခန်း၊ ကျေးလက်လမ်းနှင့် ကျေးလက်ဦးစီးဌာနပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြခန်း၊ ကျန်းမာရေးဦးစီးဌာနပြခန်း၊ ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ ပညာရေးပြခန်း၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်း၊ သိပ္ပံနှင့် နည်းပညာပြခန်း၊ ပတ်ဝန်းကျင်/သစ်တော/သတ္တုပြခန်း၊ မီးသတ်တပ်ဖွဲ့ပြခန်း၊ စားသုံးသူရေးရာပြခန်း၊ ကုန်သွယ်မှုမြှင့်တင်ရေးပြခန်း၊ အသေးစားအလတ်စားစီးပွားရေးပြခန်း၊ သမဝါယမပြခန်း၊ လျှပ်စစ်ပြခန်းများနှင့် ဒေသတွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် ဒေသထွက်ကုန်ပြခန်းများလည်း ပြသခဲ့ကြောင်း သိရသည်။



**အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ**

အဆိုပါ ပြခန်းများအား နိုဝင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ပြသခဲ့ပြီး (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ယခုကဲ့သို့ ပြခန်းများ ခင်းကျင်းပြသခြင်းအပြင် ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ ဒုံးအကပြိုင်ပွဲများ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၁)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo HUN SEN တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၂၁)ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီအစည်းအဝေးသို့ ဆက်လက်တက်ရောက်သည်။




အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များ၏ အကောင်အထည်ဖော်မှု၊ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၊ စတုတ္ထစက်မှုအသွင်ကူးပြောင်းရေးမူဘောင်၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးအစီအစဉ်နှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့် အစီအစဉ်အကောင်အထည်ဖော်မှု၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ကာလလယ်သုံးသပ်ချက်တွင်ပါဝင်သည့် အကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်မှုနှင့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်ရေးဆွဲရာတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် ထည့်သွင်းမည့် အချက်အလက်များအပေါ် ဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီမှ အကြိမ်(၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့်အစီရင်ခံစာနှင့် ၂၀၂၂ ခုနှစ်အတွင်း အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအနေဖြင့် အတည်ပြုရန်၊ မှတ်တမ်းတင်ရန်ရှိသည့် Document များအပေါ် အတည်ပြုကြပြီး အာဆီယံဥက္ကဋ္ဌကြေညာစာတမ်းတွင် ထည့်သွင်းမည့် အာဆီယံစီးပွားရေးမဏ္ဍိုင်ဆိုင်ရာအချက်အလက်များအပေါ် မှတ်တမ်းတင်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များအနက် အကောင်အထည်ဖော်နေဆဲလုပ်ငန်းများကို ရည်မှန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးအတွက် ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များက အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ်အတွက် လေ့လာမှုဆောင်ရွက်ရာတွင် အာဆီယံ၏ လက်ရှိဆောင်ရွက်ဆဲ ဒစ်ဂျစ်တယ်လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ရေးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ်အဆင်သင့်ဖြစ်မှုကိုပါ ထည့်သွင်းလေ့လာရေးကိစ္စများကို ပါဝင်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံ -ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သောကုန်သွယ်မှုဒေသ အဆင့်မြှင့်တင်မှုအတွက် စေ့စပ်ညှိနှိုင်းမှု အပြီးသတ်ကြောင်း ကြေညာနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုမပြီးပြတ်သေးသည့် ကိစ္စရပ်များကို ညှိနှိုင်းကြသည်။

ထို့နောက် ဒုတိယအကြိမ်မြောက် အာဆီယံ-ယူကေစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့်စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အာဆီယံ -ယူကေ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် (၂၀၂၁-၂၀၂၂)၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် မှတ်တမ်းတင်ကြသည်။

ထို့နောက် အာဆီယံနှင့် ယူကေတို့အကြား အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်ကို အတည်ပြုကြသည်။

အဆိုပါအစည်းအဝေးများတွင် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasak က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ ပါဝင်တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးများ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်ကို ပြင်ဆင်သည့်အခြေပြစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အာဆီယံစီးပွားရေးအကြံပေးကောင်စီ ၂၀၂၂ ခုနှစ် အလှည့်ကျဥက္ကဋ္ဌက ဦးဆောင်ကျင်းပသည့် Gala Dinner နှင့် စီးပွားရေးဆုများချီးမြှင့်သည့်အစီအစဉ်တွင် ပါဝင်တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံမှ မထွက်ခွာမီ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် အကြိမ်(၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်သည်။

**သတင်းစဉ်**

# သထုံခရိုင် ပြည်သူ့စာကြည့်တိုက်၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**သထုံ နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက အသိပညာပေးဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြီး မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်းနာယက ဦးစောဘသိန်းက အမျိုးသားနေ့ဖြစ်ပေါ်လာပုံ၊ အမျိုးသားအောင်ပွဲနေ့၏ ဦးတည်ချက်များနှင့် ဆောင်ပုဒ်၊ မျိုးချစ်စိတ်ဓာတ်များနိုးကြားလာကာ မြန်မာ့လွတ်လပ်ရေးကို အရယူသည်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများ၊ မြန်မာနိုင်ငံ၏ အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အကြိမ်ကြိမ်ဆွေးနွေးခဲ့မှုများ၊ အမျိုးသားအောင်ပွဲနေ့ကို သတ်မှတ်ခဲ့ပြီး နှစ်စဉ်ကျင်းပခဲ့မှုများနှင့် အနာဂတ်လူငယ်များအနေဖြင့် အမျိုးသားအောင်ပွဲနေ့နှင့် ပတ်သက် သည့် ဂုဏ်ကျေးဇူးများကို မမေ့မလျော့ လက်ဆင့်ကမ်း အလေးအမြတ်ထားကြရေးစသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နဒီ(ပြန်/ဆက်)**

■

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၂/ ၂၀၂၂) ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၁

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီအစည်းအဝေး(၂/၂၀၂၂)ကို ယနေ့နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**နုတ်ထွက်ခွင့်ပေးခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ CTFMR နှင့် Plan of Action လက်မှတ်မရေးထိုးမီ ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်အထိ အရွယ်မရောက်သေးသူ ကလေးသူငယ် ၅၉၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပေးခဲ့ကြောင်း၊ ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော် (ကြည်း) ပါဝင်နေခြင်းအား စာရင်းမှပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR)တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစီမံချက်(Plan of Action)ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစီမံချက်အရ CTFMR နှင့် ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၂၉ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့နောက် CTFMR နှင့် အသက်မပြည့်ကြောင်း အတည်ပြုပြီးဖြစ်သည့် စစ်သည် ၂၈ ဦးကိုလည်း ၂၀၂၂ ခုနှစ် မေ ၁၃ ရက်တွင် မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးခဲ့ရာ ယခုအချိန်အထိ ၁၀၅၇ ဦးရှိပြီဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော လူငယ်များအားစိစစ်ခဲ့ရာ အသက်မပြည့်သံသယဖြစ်ဖွယ် လူငယ် ၄၅ ဦးနှင့် ဆန္ဒမပါသူ ၁၄၀ စုစုပေါင်း ၁၈၅ ဦးကို လက်ခံခြင်းမပြုဘဲ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း၊ သံသယစစ်သည် ၇၉ ဦးကို CTFMR နှင့် အမှုတွဲတိုက်ဆိုင်စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် CTFMR မှ ထပ်မံပေးပို့လာသည့် သံသယဖြစ်ဖွယ်စစ်သည် ၁၂ ဦးကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း စုဆောင်းလျက်ရှိကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီအနေဖြင့် တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှုမရှိစေရေး ကော်မတီ၏ရည်မှန်းချက်အတိုင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း CTFMR သို့ အသိပေးအကြောင်းကြားလျက်ရှိကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှေ့လုပ်ငန်းစဉ်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များနှင့် သက်ဆိုင်ရာ ရုံး/ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ခံယူချက်မှန်ကန်စွာဖြင့် အလုပ်သင်ဆရာဝန် တာဝန်ဝတ္တရားများ ထမ်းဆောင်ပြီးဖြစ်သဖြင့် ဆရာဝန်များ၏ အဓိဋ္ဌာန်ပြုကတိသစ္စာနှင့်အညီ လူနာများကို အဓိကထားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ၌ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၏ သင်ကြားရေးဆေးရုံကြီးများတွင် မကြာမီ အလုပ်သင်ကာလပြီးမြောက်ကာ ကုသရေးဦးစီးဌာနရှိ ပြည်သူ့ဆေးရုံများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြမည့်ဆရာဝန်များကို ယနေ့ နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဆရာဝန်များ လေ့ကျင့်သင်ကြားမွေးထုတ်ပေးရခြင်း ရည်ရွယ်ချက်မှာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစီအစဉ်ဖြင့် တက်ရောက်သင်ကြားအောင်မြင်ခဲ့ပြီဖြစ်သဖြင့် နိုင်ငံတော်လိုအပ်ချက်နှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး ခန့်အပ်တာဝန်ချထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကာ မိမိတို့၏ Medical Professional ဆိုင်ရာ အတွေ့အကြုံများ ရယူပြီး ဘွဲ့လွန်သင်တန်းများ ဆက်လက်တက်ရောက်နိုင်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ခံယူချက်မှန်ကန်စွာဖြင့် အလုပ်သင်ဆရာဝန် တာဝန်ဝတ္တရားများ ထမ်းဆောင်ပြီးဖြစ်သဖြင့် ဆက်လက်၍ ဆရာဝန်များ၏ အဓိဋ္ဌာန်ပြုကတိသစ္စာနှင့်အညီ လူနာများကို အဓိကထားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စေလိုကြောင်း၊ တာဝန်ချထားရာတွင် ဆန္ဒပြုဆေးရုံနှင့် လုပ်ငန်းလိုအပ်ချက်တို့အပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆရာဝန်အလုပ်သည် ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် အသက်မွေးဝမ်းကျောင်းပညာရပ် ဖြစ်သည့်အတွက် အတ္တဟိတ၊ ပရဟိတမျှတစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ထောက်ဆရာဝန်များအဖြစ် ခန့်အပ်ပြီးပါက နိုင်ငံ့ဝန်ထမ်းများရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း၊ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကာ အောင်မြင်သည့် အထူးကုဆရာဝန်ကြီးများ၊ သမားကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းနှင့် ဆုမွန်ကောင်းတောင်းကြောင်း မှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားကာ အလုပ်သင်ဆရာဝန်များက တစ်ဦးချင်းအလိုက် မိတ်ဆက်တင်ပြခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် အလုပ်သင်ဆရာဝန်/သွားဘက်ဆိုင်ရာဆရာဝန်များနှင့်အတူ နေ့လယ်စာကို ရင်းရင်းနှီးနှီး အတူတကွ သုံးဆောင်ခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး အဆိုပါ အလုပ်သင်ဆရာဝန်/သွားဘက်ဆိုင်ရာဆရာဝန်များသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၏ သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ကာလပြီးမြောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အင်းစိန်မြို့နယ်၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (စာတွေ့၊ လက်တွေ့) ဖွင့်လှစ်သင်ကြားပို့ချခြင်းကို ယနေ့ နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ရွာမအလယ်၊ ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမရှိ အထက (၆)၊ အလက (၁၀) တို့၌ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သင်ကြားပို့ချခြင်းဖြစ်သည်။

အဆိုပါကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၀ တက်ရောက်လျက်ရှိရာ သင်တန်းကာလ သုံးရက်အတွင်း အင်းစိန်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အင်းစိန်မြို့နယ်အတွင်း ကျန်ရှိနေသော အခြေခံပညာကျောင်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းတက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြတ်မူယာအုန်းက ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောခဲ့ပြီး ခွန်အားဖြည့်အချိုရည်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးကို စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်၍ လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရမည့် အချက်များ၊ လုပ်ငန်းကော်မတီအတွင်း ညှိနှိုင်းဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြရာ စိန်ရတုလွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❋ ကျောဖုံးမှ

ခွဲခြားဆက်ဆံသည့်လုပ်ရပ်အပေါ် လက်ခံနိုင်ခြင်းမရှိသဖြင့် ဖော်ပြပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်ခြင်း မပြုခဲ့ပါ။

ယင်းတူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဖော်ပြချက်များသည် ဖြစ်စဉ်အမှန်တရားနှင့် ကင်းကွာလျက်ရှိခြင်း၊ အာဆီယံ၏ တူညီဆန္ဒ(၅)ချက်အပေါ် မြန်မာနိုင်ငံမှ ကြိုးစားအားထုတ်ဆောင်ရွက်ပေးခဲ့မှုများကို အပြုသဘောဆောင် ဖော်ပြမှုမရှိခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းနှင့် ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံကို ချန်လှပ်ထားပြီး အာဆီယံ(၉)နိုင်ငံဖြင့်သာ ဆွေးနွေးသဘောတူညီခဲ့ခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမဟုတ်သဖြင့် မြန်မာနိုင်ငံအနေနှင့် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကို လက်ခံမည်မဟုတ်ကြောင်းနှင့် ပြတ်သားစွာပယ်ချသည်။

မြန်မာနိုင်ငံသည် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းကို လက်ရှိအာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် အပြုသဘောနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်ရွယ်လျက် မြန်မာအစိုးရသည် အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ပြီး နိုင်ငံ့အကြီးအကဲကိုယ်တိုင် တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိခြင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လိုအပ်သည့်နေရာများသို့ ခွဲခြားမှုမရှိဘဲ မျှတစွာပေးအပ်ရေးအတွက် အာဆီယံလူသားချင်းစာနာထောက်ထားမှုကူညီရေးညှိနှိုင်းမှုဗဟိုဌာန(AHA Centre) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း စသည့် သိသာထင်ရှားသည့် တိုးတက်မှုများစွာရှိသည်ကို လျစ်လျူရှုထားခြင်းအပေါ် များစွာစိတ်ပျက်မိပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်လျက်ရှိသည့် မြန်မာအစိုးရနှင့် တပ်မတော်အား ရည်ညွှန်းဖော်ပြရာတွင် မသင့်လျော်သည့် သုံးနှုန်းဖော်ပြချက်များကို ပြင်းထန်စွာ ကန့်ကွက်သည်။

ယင်းကဲ့သို့ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်၍ ဖျက်ဆီးလျက်ရှိသည့် NUG နှင့် PDF အမည်ခံ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် ရည်ညွှန်းပြောကြားချက်များကို စိတ်ပျက်စွာ တွေ့ရှိရပါသည်။ ထိုကဲ့သို့ တရားမဝင်၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းသည် အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံရာရောက်သည့်အပြင် အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ် ၂ ပါ အခြေခံ "မူ"များကိုလည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများကိုလည်းကောင်း ဖောက်ဖျက်ရာရောက်ပါသည်။ သို့ဖြစ်၍ အကြမ်းဖက်အဖွဲ့အစည်းများနှင့် မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းနှင့်မဆို ဆက်သွယ်ဆောင်ရွက်ရန် ကြိုးပမ်းခြင်းကို မြန်မာနိုင်ငံက ပြင်းထန်စွာ ရှုတ်ချကန့်ကွက်သည်။

တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ အချိန်ကန့်သတ်ချက်ဖြင့် ဖိအားပေး၊ အကျပ်ကိုင်သည့်ချဉ်းကပ်မှုမျိုးသည် အကျိုးမရှိနိုင်သည့်အပြင် လက်ရှိပူးပေါင်းဆောင်ရွက်မှုများအပေါ် ဆိုးကျိုးသက်ရောက်မှုများကိုပင် ဦးတည်သွားစေနိုင်သည်။

မြန်မာနိုင်ငံက တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်နေမှုသည် တိုးတက်မှုမရှိဟု အကြောင်းပြလျက် အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံပါဝင်မှုကို ပိုမိုကန့်သတ်ပိတ်ပင်ရန် ကြိုးစားခြင်းသည် အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ခြင်းကို အတားအဆီးဖြစ်စေသည့်အပြင် အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ အရေးပါအရာရောက်မှု၊ မိသားစုစိတ်ဓာတ်ကို ပျက်ပြားစေမည်ဖြစ်သည်။ မြန်မာနိုင်ငံက အာဆီယံအဖွဲ့သို့ ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစတင်၍ အာဆီယံအသိုက်အဝန်းအကောင်အထည်ဖော်မှုတွင် မြန်မာနိုင်ငံက တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့မှုများကို လျစ်လျူရှုမျက်ကွယ်ပြုခြင်းကို ဝမ်းနည်းစွာတွေ့ရပြီး ယင်းလုပ်ရပ်များသည် မြန်မာအစိုးရ၏ ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်နေမှုကို အဟန့်အတားဖြစ်စေပါမည်။

အာဆီယံအစည်းအဝေးများတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနည်းလမ်းကိုလည်း အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၂၀)ပါ "ဆွေးနွေးခြင်းနှင့် တူညီဆန္ဒ"ပါ အခြေခံမူများအတိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၀)နိုင်ငံလုံးပါဝင်သည့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ခြင်း"မူ"ကိုသာလျှင် လက်ခံသည်။ သို့ဖြစ်၍ ကာယကံရှင်နိုင်ငံပါဝင်ခြင်းမရှိသည့် ဆွေးနွေးဆုံးဖြတ်ချက်များကို လက်မခံပယ်ချသည်။

အာဆီယံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို လေးစားလိုက်နာလျက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ထပ်လောင်းအသိပေးအပ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် ဗဟိုအချက်အချာကျပြီး အရေးပါအရာရောက်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုများသာ ဖြစ်စေမည်ဖြစ်ကြောင်း သတိပေးဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်**

---

# အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

**ကြေညာချက်အမှတ် (၁ /၂၀၂၂)**
**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်**

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ်(၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို(၆၃၀,၀၀၀)ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၂ ခုနှစ် မိုးစပါးနှင့် ၂၀၂၃ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ်(ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

---

**ကျန်းမာဖို့ အရေး လမ်းလျှောက်ပေး**

---

# ရွှေဘိုခရိုင်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရွှေဘို နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းတွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ရွှေဘိုခရိုင်အတွင်းရှိ ဝန်ထမ်းများ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ခေတ်မီသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများကို သိရှိနိုင်စေရန်ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက မိုးစပါးတွင်ကျရောက်သော ဆစ်ပိုး၊ ဖြုတ်ပိုး၊ ကြွက်ကာကွယ်နှိမ်နှင်းနည်းများအကြောင်းနှင့် သဘာဝ ပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းများအကြောင်းကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ခင်စန်းမြင့်က မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းများတွင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် နေကြာသီးနှံမျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာများအကြောင်းကို လည်းကောင်း၊ ခရိုင်မြေအသုံးချတာဝန်ခံ ဒေါ်ချိုချိုမာက အီးအမ်ပြုလုပ်နည်းများ၊ ရွက်ဖျန်းမြေဩဇာ ပြုလုပ်သုံးစွဲနည်းများအကြောင်းကို လည်းကောင်း သင်တန်းပို့ချခဲ့သည်။



ထိုသင်တန်းသို့ ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် ချီပါမျိုးသန့်ခြံမှ ဝန်ထမ်းများ စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးမြသက်ထား**

# မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ နည်းပြများ၊ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သုံးပတ်ကြာ ဖွင့်လှစ်ခဲ့သည့် သင်တန်းတွင် စာတွေ့လက်တွေ့ သင်ယူလေ့လာခဲ့ကြရသည့်အတွက် မီဒီယာကဏ္ဍ၏ အရေးကြီးပုံ၊ အရေးပါပုံနှင့် နက်နဲမှုတို့ကို သိမြင်နားလည်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ခေတ်တွင် မီဒီယာကဏ္ဍသည် နည်းပညာတိုးတက်မှုနှင့်အတူ အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိရာ အထူးအားဖြင့် လူမှုမီဒီယာများတွင် သတင်းစီးဆင်းမှု မြန်ဆန်လျင်မြန်လွန်းသည့်အတွက် ပြည်သူများ သိသင့်သိထိုက်သည့် မိမိတို့ဌာန၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို လွှမ်းခြုံအသိပေးနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ထိုသို့ ပြည်သူထံ အသိပေးတင်ပြရာတွင် တိကျ၊ မှန်ကန်၊ မြန်ဆန်စွာ တင်ပြအသိပေးနိုင်ရန် အရေးကြီးသည့်အပြင် ပုံနှိပ်မီဒီယာကဏ္ဍတွင် တင်ပြ အသိပေးမည့်သတင်း၊ သတင်းဓာတ်ပုံ၊ ဆောင်းပါးများသည် အရည်အသွေးကောင်းမွန်ရမည် ဖြစ်ပါကြောင်း၊ ထို့အတူ အရုပ်/အသံများဖြင့် တင်ပြအသိပေးရာတွင် အရုပ်/အသံ အရည်အသွေး ပြည့်မီရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မီဒီယာအခန်းကဏ္ဍမှတစ်ဆင့် ပြည်သူ့အတွက် တင်ပြဆောင်ရွက်ခဲ့မှုများကို မှတ်တမ်းများအဖြစ် စနစ်တကျထားရှိဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

မီဒီယာကဏ္ဍသည် နက်နဲကျယ်ပြန့်ပါကြောင်း၊ ယခုအချိန်တွင် ကျင့်ဝတ်သိက္ခာမဲ့သည့် မီဒီယာများသည် မီဒီယာကို အသုံးချ၍ သတင်းတု၊ သတင်းအမှားများကို ဖြန့်ဝေကာ စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်မှုများရှိနေပါကြောင်း၊ သတင်းတု၊ သတင်းအမှားများကြောင့် ပြည်သူများ စိတ်နှလုံးညှိုးနွမ်းပြီး လုံခြုံမှုမရှိဟု ခံစားရစေရန် ရည်ရွယ်ဆောင်ရွက်မှုများကို အမှန်တရားဖြင့် အသိဉာဏ်ဖွင့်ပေးနိုင်ရန် လိုအပ်ကြောင်း။

ထိုသို့ သတင်းမှန်များကို ပြည်သူထံ တင်ပြရာတွင် ထိရောက်သည့် သတင်းစာသား၊ သတင်းဓာတ်ပုံနှင့် အရုပ်/အသံများကို တိကျ၊ မှန်ကန်၊ မြန်ဆန်စွာဖြင့် ပေါ်လွင်အောင် တင်ပြသွားကြရမည် ဖြစ်သည့်အတွက် ယနေ့သင်တန်းမှ လေ့လာသင်ယူခဲ့ရသည့် ဗဟုသုတများ၊ ပညာရပ်များ၊ အတွေ့အကြုံများကို အခြေခံ၍ လက်တွေ့ အသုံးချသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ကြီးဌာန တစ်ခုချင်းအလိုက် သင်တန်းသား ကိုယ်စားလှယ်တစ်ဦးစီအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ပြီး သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။

သင်တန်းသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ အမှုထမ်း၊ အရာထမ်းများ ၄၆ ဦး တက်ရောက်ကြသည်။

သင်တန်းအမှတ်စဉ်(၂) ကို အောက်တိုဘာ ၂၅ ရက်မှစတင်ကာ ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ကင်မရာ၏ လုပ်ဆောင်ချက် (Function) များ၊ ရိုက်ကူးနည်းအဆင့်ဆင့်၊ သတင်းရိုက်ကူးနည်း၊ မှတ်တမ်းဗီဒီယိုရိုက်ကူးနည်း၊ သတင်းများတည်းဖြတ်ခြင်း၊ သတင်းရေးသားနည်းအခြေခံအချက်များ၊ အွန်လိုင်းသတင်းရေးသားခြင်းအခြေခံနည်းစနစ်များ၊ အွန်လိုင်းသတင်းရေးသားသူတို့ ဆောင်ရန်ရှောင်ရန်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးရဲတင့် သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှု ပြုလုပ်ရန်သွားရောက်မည့် အားကစားအဖွဲ့များနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို နေပြည်တော်၌ အားကစားနည်း ၁၁ နည်းနှင့် ရန်ကုန်မြို့၌ အားကစားနည်းခြောက်နည်းတို့ဖြင့် စခန်းသွင်း လေ့ကျင့်မှုများကို စနစ်တကျပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြောကြားသည်။



**ပြောကြားခဲ့ခြင်းဖြစ်**

G to G အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှု (Joint Training) ပြုလုပ်ရန် သွားရောက်မည့် အားကစားအဖွဲ့များနှင့် တွေ့ဆုံသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး က (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ အရည်အသွေး၊ အရည်အချင်းများ ပိုမိုတိုးတက်လာစေရန်အတွက် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားသည့် အားကစားနည်းများအနက်မှ ဘော်လီဘော၊ ဝူရှူး၊ ပြေးခုန်ပစ်နှင့် လက်ဝှေ့အားကစားနည်းများမှ အုပ်ချုပ်/နည်းပြ ၁၅ ဦး၊ အားကစားသမား ကျား ၅၂ ဦး၊ မ ၃၄ ဦး စုစုပေါင်း ၁၀၁ ဦး တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှု (Joint Training) ပြုလုပ်ရန် (ပထမအသုတ်) အနေဖြင့် နိုဝင်ဘာလတွင် စေလွှတ်သွားမည်ဖြစ်ပါကြောင်း၊ SEA Games ပြိုင်ပွဲတွင် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်ရာ၌ အမိနိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်စေရန်နှင့် အောင်မြင်မှု ဆုတံဆိပ်များ ပိုမိုရရှိစေရန်အတွက် Joint Training စေလွှတ်ပေးရခြင်းဖြစ်ပါကြောင်း၊ အားကစားသမားများအနေဖြင့် မိမိတို့၏ အရည်အသွေးများ ပိုမိုတိုးတက်လာစေရန် Joint Training ကာလအတွင်း လေ့ကျင့်မှုများ ပြုလုပ်ရာ၌ စိတ်ရောကိုယ်ပါနှစ်ပြီး အစွမ်းကုန်ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ တရုတ်နိုင်ငံသို့ ရောက်ရှိနေစဉ် ကာလအတွင်း အခက်အခဲတစ်စုံတစ်ရာရှိပါက တာဝန်ရှိသူများထံ ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း၊ နိုင်ငံတော်မှ အားကစားကို အားပေးပံ့ပိုး ဖြည့်ဆည်းပေးနေသည့် အချိန်ကာလဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် အားကစားဖြင့် အမိနိုင်ငံ၏ ဂုဏ်ကို မြှင့်တင်နိုင်အောင် ယခုအချိန်မှစ၍ အားသွန်ခွန်စိုက် ကြိုးစားလေ့ကျင့်သွားကြရန်လိုကြောင်း၊ ပြိုင်ပွဲများယှဉ်ပြိုင်ရာ၌ အားကစားသမားကောင်းစိတ်ဓာတ်မွေးမြူပြီး နောက်ဆုံးအချိန်အထိ မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများ၊ မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသအတွင်း ဖော်ဆောင်မည့်စီမံကိန်းများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများအခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ရန်လို

နေပြည်တော် နိုဝင်ဘာ ၁၁

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်းရင်းသား ရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး တတိယအကြိမ် ပုံမှန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Teaching Assistant–TA နှင့် Language Teacher–LT ဆရာ ဆရာမများ ခန့်ထားရေးနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် အောက်တိုဘာ ၂၇ ရက်တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးတွင် Teaching Assistant–TA နှင့် Language Teacher–LT ဆရာ ဆရာမများ ရွေးချယ်ခန့်ထားရေးဆိုင်ရာမူ (SoP) စံပြုလုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်ရန်ဆွေးနွေးခဲ့ကြကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများ၊ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်များ ဆန်းစစ်ခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ရန်ပုံငွေကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တင်ပြဆောင်ရွက်စေလိုကြောင်း။

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရေးစခန်းများရှိ တိုင်းရင်းသားများနှင့်ပတ်သက်၍ ဘဏ္ဍာရန်ပုံငွေလျာထားနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးများအနေဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း၊ တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသအတွင်း ဖော်ဆောင်မည့်စီမံကိန်းများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများအခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရကခွင့်ပြုသည့်ဥပဒေနှင့် ညီညွတ်သည့်အခြားလုပ်ငန်းများအတွက်အသုံးပြုရန် လျှောက်ထားလာသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ တိုင်းရင်းသားရေးရာဝန်ကြီးများက ကွင်းဆင်းစိစစ်ရန်လိုကြောင်း၊ မကြာမီကာလတွင် တိုင်းရင်းသား ဘာသာစာပေသင် Teaching Assistant–TA နှင့် Language Teacher– LT ဆရာ ဆရာမများ ရွေးချယ်ခန့်ထားရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ဖြေရှင်းနိုင်မည့် အစည်းအဝေးကို ကျင်းပဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က အထွေထွေဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုများနှင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုများမဖြစ်ပေါ်စေရန် စစ်ဆေးခြင်းနှင့် ထိန်းကျောင်းတည့်မတ်ပေးရမည့်တာဝန်ရှိ

မန္တလေး နိုဝင်ဘာ ၁၁

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံး တာဝန်ခံ အရာထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့အတွက် စစ်ဆေးခြင်းဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပိုမိုအားကောင်းစေရန် ထိန်းကျောင်းပေးခြင်းသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန်ဖြစ်ကြောင်း၊ သို့ပါ၍ ပြည်သူ့ဘဏ္ဍာငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ထိရောက်စွာ စီမံခန့်ခွဲနိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ လုပ်ငန်းစီမံကိန်းများ၏အကျိုးကို ပြည်သူများ အပြည့်အဝရရှိခံစားနိုင်မှုတို့ကို အလေးထား စစ်ဆေးရန်လိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံနှင့်ပြည်သူအတွက် ထိရောက်သည့် သုံးသပ်အကြံပြုချက်များဖြင့် အရည်အသွေးပြည့်ဝသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများ ထုတ်ပြန်နိုင်ရန်လည်း လိုအပ်ကြောင်း။

Real Time Audit ဖြင့် စစ်ဆေးလျက်ရှိသည့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်စစ်ဆေးရန်နှင့် အရေးကြီးသည့်စစ်ဆေးတွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဌာန၊ အဖွဲ့အစည်းများနှင့် ကောင်းမွန်သောဆက်ဆံရေးဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ မိမိတို့၏ စစ်ဆေးရေးလုပ်ငန်းတာဝန်များသည် နိုင်ငံတော်အတွက် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိသည်ကို သေချာစွာနားလည်သဘောပေါက်ပြီး မိမိတို့၏လုပ်ငန်းကို တန်ဖိုးထားသည့် ခံယူချက်များထားရှိဆောင်ရွက်ကြရန်၊ စာရင်းစစ်ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု၊ အဂတိတရားလေးပါးကင်းစင်စွာဆောင်ရွက်ရေး အလေးထားဆောင်ရွက်ကြရန်၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ခံမှုအရ ဆောင်ရွက်ကြရန်၊ သတင်းအချက်အလက် လုံခြုံမှုတို့ကို အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိလျက် ရုံး၏အစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်း၍ မိမိတို့၏လုပ်ငန်းတာဝန်များကို ဖြောင့်မတ်မှန်ကန်စွာထမ်းဆောင်ကြရန်လိုအပ်ကြောင်း မှာကြားသည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးနှင့် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံး တာဝန်ခံအရာထမ်းများက လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် အမြဲတမ်းအတွင်းဝန်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ထပ်မံဖြည့်စွက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရုံးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြင်ဦးလွင်ခရိုင်စာရင်းစစ်ရုံး၌ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး လုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာ



ရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက အလှူငွေကျပ်ဆယ်သိန်း၊ ဆရာမကြီး ဒေါက်တာရီရီလှ(ယုဝတီခင်ဦး) မိသားစုက ငွေကျပ်ငါးသိန်း၊ မှော်ဘီမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀ ၊ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာနန္ဒ(မြတ်ဘုန်း–တပ်ကုန်း)၊ ဦးဇော်မင်း(မင်္ဂလာကုမ္ဘဏီ)၊ ဒေါ်ချိုချိုတင် (မစန္ဒာ)၊ ဦးမောင်လှိုင်(မောင်ဆွေငယ်)၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်စာရေးဆရာအသင်း၊ တပ်ကုန်းမြို့နယ် စာရေးဆရာအသင်းနှင့် ရန်ကင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ မြစ်သားမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၅၃၀၀၀ ၊ ဒေါ်ဆွေဆွေ(ရွှေဒေါင်းယဉ်ရွှေဆိုင်) တောင်ဥက္ကလာပမြို့နယ်၊ မြိတ်မြို့နယ် စာရေးဆရာအသင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း၊ အထက်မင်းလှမြို့နယ် စာရေးဆရာအသင်း၊ ထားဝယ်မြို့နယ် စာရေးဆရာအသင်းနှင့် ဒဂုံမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)၊ ဆရာစိုးမြင့်(စက်မှုတက္ကသိုလ်)၊ နွေကံ့ကော်(မြို့လှ)–ပင်မြင့်စံ(ရွှေဘို)မိသားစု၊ ဦးမြဟန်(မြဟန်)လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီး(ကိုပေါက်–ကမာရွတ်)၊ စာရေးဆရာမ တွယ်တာလှိုင်၊ ပန်းတောင်းမြို့နယ်စာရေးဆရာအသင်းနှင့် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ တနင်္သာရီမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်တစ်သောင်း၊ ဆရာဦးစိုးနိုင်(မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ပြက္ခဒိန်များနှင့် စာရေးဆရာမ တွယ်တာလှိုင်က ငွေကျပ် ၁၀၅၀၀၀ တန်ဖိုးရှိစာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း(မောင်စိမ်းနောင်–လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၁–၂၅၂၄၁၇၊ ၀၉–၄၅၀၀၉၀၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောင်းလေအေးလေး ထိတွေ့ရေး နံနက်ခင်းတိုင်း လမ်းလျှောက်ပေး

**လင်းနိုင်**

**ဟေမန္တ…ဆိုတဲ့ ဆောင်းဥတုရဲ့ အေးမြတဲ့အရသာကို တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ကာလအပြီးမှာ နေပြည်တော်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူအများစု စတင်ခံစားကြရပြီဖြစ်ပါတယ်။ ဟေမန္တဆောင်းဥတုကာလကို တန်ဆောင်မုန်းလပြည့်နေ့ကနေ တပေါင်းလပြည့်နေ့အထိ လေးလတာ သတ်မှတ်ထားပြီး မြန်မာနိုင်ငံရဲ့ရာသီဥတုကလည်း ဥတုသပ္ပာယမျှတကာ အခြားနိုင်ငံတွေနဲ့မတူ နေရထိုင်ရ သင့်လျော်လျောက်ပတ်တဲ့နိုင်ငံဖြစ်ပါတယ်။**



ဘားအံမြို့၌ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်ခဲ့စဉ်။

အေးစပြုနေပြီဖြစ်တဲ့ နေပြည်တော်ရဲ့ နံနက်ခင်းတွေဟာဆိုရင်လည်း မြူနှင်းမှုန်မှုန် လေနုအေးတွေနဲ့အတူ လမ်းမကျယ်ကြီးနဲ့ လမ်းသွယ်အသီးသီးတို့မှာ လမ်းလျှောက်သူ၊ စက်ဘီးစီးသူအချို့ကို မြင်တွေ့နေရပြီ ဖြစ်ပါတယ်။ **“သာပေါင်းငယ်ထွေ၊ ခါဟေမန်ရာသီချိန်မို့၊ ဖန်ရှိန်ဝယ် မြူအပြိုင်နှင့် နှင်းလေဆိုင်ဖျန်း…သင်းပျံ့တဲ့အင်၊ ပုလဲရုံ ကြိုင်လှိုင်ရှင်သည့်၊ ခိုင်ငွေဇင် ညှာတံညွတ်ကယ်မှ၊ ရွှေဝတ်ဆင့်ပန်း…”**ဆိုတဲ့ ဒွေးချိုးလေး ညည်းရင်း ရေချိုးနေတဲ့ကျွန်တော့်ကို “အစ်ကိုကြီး အဲဒါဘာသီချင်းလဲ”ဟု တစ်ဖက်ရေချိုးခန်းမှ လှမ်းမေးလိုက်တဲ့ ညီငယ်ကို “ရေချိုးရတာ အေးလွန်းလို့ ပြင်စည်မင်းသားရဲ့ ဆောင်းအဖွဲ့အနွဲ့ ဒွေးချိုးလေး ညည်းတာပါကွာ”ဟု ကပျာကယာဖြေကာ ရုံးသွားဖို့ ပြင်ဆင်ရင်း နယ်မြို့တွေကို တာဝန်နဲ့ရောက်ခဲ့စဉ် ဆောင်းဥတုနဲ့ ကြုံကြိုက်ခဲ့တဲ့ အမှတ်တရတွေက ချက်ချင်းဆိုသလို လမ်းလျှောက်ချင်စိတ်ကို ဖြစ်ပေါ်စေမိပါတယ်။

**လျှောက်ဖူးသူတိုင်း ကြုံတွေ့ဖူးကြမှာ**

နေပြည်တော်ရဲ့ ဖြောင့်ဖြူးကျယ်ဝန်းတဲ့၊ သန့်ရှင်းလှပတဲ့လမ်းမကြီးတွေအထက်မှာ လမ်းလျှောက်ရတဲ့ စိတ်ခံစားမှုက ရန်ကုန်၊ မန္တလေးအပြင် အခြားမြို့ကြီးတွေမှာ လမ်းလျှောက်ရတာနဲ့ လုံးဝမတူတာကို လျှောက်ဖူးသူတိုင်း ကြုံတွေ့ဖူးကြမှာ အသေအချာပါပဲ။ မိုးကာလနဲ့ နွေရာသီတွေမှာတော့ ရံဖန်ရံခါသာ လမ်းလျှောက်ထွက်ဖြစ်ပေမယ့် ဆောင်းဥတုရဲ့ အေးမြတဲ့မြူနှင်းတွေနဲ့ ထိတွေ့ဖို့အတွက်ဆိုရင်တော့ နံနက်ခင်းတိုင်း လမ်းလျှောက်ထွက်ဖို့လိုပါတယ်။ လမ်းလျှောက်တဲ့အလုပ်က အပြောသာလွယ်ပြီး ဝီရိယအားနည်းရင် နေ့ရွှေ့ညရွှေ့နဲ့ ဆောင်းရာသီသာ ကုန်ဆုံးသွားကာ လမ်းမပေါ် ခြေတစ်ဖဝါးမှ မချဖြစ်လိုက်တာလည်း ကြုံဖူးကြသူတွေရှိကြမယ်ထင်ပါတယ်။

အခုလို ဆောင်းကာလ အေးမြမြ မနက်ခင်းနဲ့ညနေခင်းတွေမှာ လမ်းလျှောက်ထွက်ဖို့ကို အဖော်တစ်ဦးစနှစ်ဦးစ မိတ်ဖွဲ့ထားဖို့ လိုပါတယ်။ အဖော်ကောင်းမရှိရင် တစ်ယောက်တည်း လမ်းလျှောက်ထွက်ရမှာ ပျင်းလာပြီး ရက်တွေသာ အလီလီကုန်သွားကာ လမ်းလျှောက်ဖို့ ဝယ်ထားတဲ့ ဖိနပ်ကိုတောင် စီးဖြစ်လိုက်မှာမဟုတ်ဘူး။ လမ်းလျှောက်ထွက်ဖို့ အနီးအနားက မိတ်ဖွဲ့စရာ မရှိခဲ့ရင်လည်း အိမ်ထဲ၊ အခန်းထဲ၊ အဆောင်ထဲကသာ လမ်းမပေါ် ရဲရဲထွက်လိုက်ပါ။ ကျန်းမာရေးအရ လမ်းလျှောက်ထွက်သူအရွယ်စုံကို လမ်းမပေါ်မှာ တွေ့မြင်လိုက်ရတာနဲ့ နေးကွေးနေတဲ့ ခြေလှမ်းတွေက အားပါပါ လှမ်းလျှောက်မိသွားမှာ အသေအချာပါပဲ။

**ညဘက် အိပ်ရာစောစောဝင်ဖို့လို**

နံနက်ခင်းကို လမ်းလျှောက်ထွက်မယ်ဆိုရင် အဓိကက ညဘက် အိပ်ရာစောစောဝင်ဖို့လိုတာပါပဲ။ အိပ်ရေးဝဖို့ အချိန် ၆ နာရီကနေ ၈ နာရီလောက်ရှိနေရမှာဖြစ်ပြီး နံနက် ၆ နာရီ လမ်းလျှောက်ထွက်မယ်ဆိုရင် ၅ နာရီ ၄၅ မိနစ်ကို အိပ်ရာထနိုင်ဖို့လိုပါတယ်။ နေထွက်ချိန်ကို မူတည်ပြီး လမ်းလျှောက်ထွက်မယ့်အချိန်က အတိုးအလျှော့ အပြောင်းအလဲ ပြုလုပ်နိုင်ပေမယ့် ကျွန်တော် တောင်ကြီးမှာ တာဝန်ကျခဲ့စဉ်ကတော့ နံနက် ၄ နာရီဆို လမ်းမကြီးတွေ၊ ပန်းခြံတွေမှာ လမ်းလျှောက်သူ၊ စက်ဘီးစီးသူ၊ ပြေးသူတွေနဲ့ စည်ကားနေပြီ။

နံနက်ခင်းတိုင်း လမ်းလျှောက်လို့ ရပေမယ့်လည်း ကဗျာဆန်တဲ့ထိတွေ့မှုတွေကို ရချင်ရင်တော့ ဆောင်းနံနက်ခင်းမှာ လမ်းလျှောက်ဖြစ်အောင် လျှောက်ဖို့ တိုက်တွန်းချင်ပါတယ်။ လမ်းလျှောက်ခြင်းကြောင့် ဆောင်းလေအေးလေးနဲ့ မျက်နှာအပြင် ကိုယ်ခန္ဓာပါ ထိတွေ့ခွင့်ရကာ လူကိုပျော်ရွှင်လန်းဆန်းလာစေပြီး ကြည့်လိုက်သမျှအရာတိုင်းဟာလည်း အလှအပတရားတွေနဲ့ ပြည့်စုံနေတယ်ဆိုတဲ့စိတ်ခံစားမှုမျိုးကို ဖြစ်စေမှာပဲဖြစ်ပါတယ်။ ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးလို့ ပြောကြပေမယ့် ကျန်းမာစေမယ့် အမှုကိစ္စကို လုပ်ဖို့အရာမှာတော့ မေ့မေ့လျော့လျော့နေကြသူက များပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်စွာ ရှင်သန်ချင်ရင် ရောဂါကင်းအောင် နေထိုင်စားသောက်ဖို့ ကိုယ်တိုင်ပဲ အသိ၊ သတိနဲ့ ပြုလုပ်ရမှာပဲဖြစ်ပါတယ်။ တစ်နေ့တာလုံး စိတ်ရွှင်လန်းတက်ကြွနေချင်ရင် နံနက်စောစောမှာ နာရီဝက် ဒါမှမဟုတ် တစ်နာရီခန့် လမ်းလျှောက်ပေးဖို့ အထူးလိုအပ်လှပါတယ်။ လမ်းလျှောက်တဲ့အခါမှာလည်း ကိုယ်ကို မတ်မတ်ထားပြီး လျှောက်ဖို့လိုပါတယ်။ ခြေတွေ၊ လက်တွေကို ဆန့်ထုတ်ပြီး လက်ကိုလည်း စည်းချက်မှန်အောင် လွှဲပေးဖို့လိုပါတယ်။ အသက်ရှူတဲ့နေရာမှာလည်း နှေးနှေးနဲ့မှန်မှန်ရှူပေးရမှာဖြစ်ပြီး လမ်းလျှောက်တာ ၁၀ မိနစ်လောက်ကြာလာရင် ၃ မိနစ်၊ ၅ မိနစ်လောက် ခပ်ရွှရွှ ပြေးခြင်းဟာလည်း လိုက်ဖက်ညီတဲ့ လေ့ကျင့်ခန်းတစ်ခုပါပဲ။

**လမ်းလျှောက်ထွက်ခြင်းရဲ့အကျိုးရလဒ်**

လမ်းလျှောက်ပြီးလို့ နေထိုင်ရာကို



ပြန်ရောက်တဲ့အခါ အကြောလျှော့ လေ့ကျင့်ခန်းပြုလုပ်ပြီး ရေနွေးကြမ်းကို သောက်ပေးပါက ခန္ဓာကိုယ်တွင်း သွေးလည်ပတ်မှုကို ပိုမိုကောင်းစေပါတယ်။ ရေနွေးကြမ်းကိုလည်း လမ်းလျှောက်မထွက်မီ ပြင်ဆင်ထားခဲ့ပါက ပြန်ရောက်တဲ့အခါ အဆင်သင့်သောက်သုံးနိုင်မှာလည်း ဖြစ်ပါတယ်။ နံနက်စောစော လမ်းလျှောက်ထွက်ခြင်းရဲ့ အကျိုးရလဒ်ကို လေ့လာကြည့်ပါက ကျန်းမာတဲ့ ကိုယ်အလေးချိန်ကို ရရှိစေနိုင်ခြင်း၊ ဆီးချို၊ နှလုံးရောဂါတို့ကို ဖြစ်နိုင်ခြေနည်းနိုင်ခြင်း၊ အစာချေစနစ်ကို ကျန်းမာစေခြင်း၊ အကောင်းမြင်စိတ်များတဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာစေခြင်း၊ စိတ်ဖိစီးမှု လျော့ကျစေခြင်း၊ တစ်နေ့တာ လန်းဆန်းတက်ကြွမှုကြောင့် စိတ်ခံတော်ကျမှု ကင်းဝေးခြင်း၊ သွေးလည်ပတ်မှုကောင်းခြင်းကြောင့် အသားအရေ ကြည်လင်စိုပြည်ခြင်း၊ အဆစ်မကောင်းတာ၊ အရိုးပွတာ၊ အဆစ်လွဲတာတွေကို အလွယ်တကူ မဖြစ်အောင် ကာကွယ်ပေးခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းကို အချိန်ရာသီ မရွေးလုပ်နိုင်ပေမယ့် ဆောင်းရာသီလို အချိန်ကာလမှာ နံနက်ခင်းလမ်းလျှောက်မှု ပြုလုပ်ပါက ချွေးထွက်နည်းစေပါတယ်။ ဒါ့အပြင် နံနက်စောစော အိပ်ရာထစမှာ ကိုယ်ခန္ဓာကနေ steroid ဟော်မုန်းတွေ ထွက်တာကြောင့် လူကို လန်းဆန်းစေတဲ့ အပြင် အားအင်တွေလည်း ရှိစေပါတယ်။ ယာဉ်အသွားအလာ နည်းခြင်းကြောင့် အငွေ့အမှုန်အန္တရာယ်တွေမှ ကင်းဝေးပြီး အသက်ဝဝ ရှူသွင်းရှူထုတ် လေ့ကျင့်ခန်း လုပ်ရာမှာလည်း ပိုပြီးသင့်တော်စေပါတယ်။ ဒါကြောင့်လည်း ဆောင်းတွင်းကာလမှာ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူတွေ သက်ရှည်ကျန်းမာရေးအတွက် နံနက်ခင်းတွေမှာ လမ်းလျှောက်ဖို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေက လှုံ့ဆော်စည်းရုံး ပညာပေးနေခြင်းလည်း ဖြစ်ပါတယ်။

မကြာခင်ကာလတွေမှာလည်း စုပေါင်းလမ်းလျှောက်ပွဲတွေကို နေရာအနှံ့ စည်ကားစွာ ပြုလုပ်ကြတော့မှာဖြစ်ပြီး နေ့စဉ်အချိန်မပေးနိုင်ရင်တောင် တစ်ပတ်မှာ တစ်ကြိမ် အများနဲ့အတူ ပါဝင်လမ်းလျှောက်ပေးခြင်းဖြင့် စိတ်ရောခန္ဓာပါ ကျန်းမာရွှင်လန်းစေမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ပါဝင်ဆင်နွှဲဖို့ တိုက်တွန်းလိုပါတယ်။

ငယ်စဉ်ကတည်းကနေ အခုအချိန်အထိ ကြားနေသိမြင်နေရတဲ့ “စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့” ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လူတစ်ဦးချင်း တစ်ယောက်ချင်းစီက ကျန်းမာရေးအသိနဲ့ နံနက်ခင်းတိုင်း လမ်းလျှောက်ပေးခြင်းဖြင့် မိမိကိုယ်တိုင်လည်း ကျန်းမာကာ မိသားစုတာဝန်အပြင် တိုင်းကားပြည်ရွာအကျိုးကိုပါ ထမ်းဆောင်နိုင်တဲ့ ကျန်းမာသန်စွမ်းသက်ရှည်တဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်နိုင်ကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ။

■

**“လမ်းလျှောက်ခြင်းကို အချိန်ရာသီမရွေးလုပ်နိုင်ပေမယ့် ဆောင်းရာသီလို အချိန်ကာလမှာ နံနက်ခင်းလမ်းလျှောက်မှု ပြုလုပ်ပါက ချွေးထွက်နည်းစေပါတယ်။ ဒါ့အပြင် နံနက် စောစောအိပ်ရာထစမှာ ကိုယ်ခန္ဓာကနေ steroid ဟော်မုန်းတွေထွက်တာကြောင့် လူကိုလန်းဆန်းစေတဲ့အပြင် အားအင် တွေလည်း ရှိစေပါတယ်။ ယာဉ်အသွားအလာ နည်းခြင်း ကြောင့် အငွေ့အမှုန်အန္တရာယ်တွေမှကင်းဝေးပြီး အသက်ဝဝရှူသွင်းရှူထုတ်လေ့ကျင့်ခန်းလုပ်ရာမှာလည်း ပိုပြီးသင့်တော်စေ”**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၇၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၅ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၇၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၁၄,၉၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၅၈၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၆,၈၅၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၀) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၈၅၉၉၀၈ | ၉၇၃၆၆၅၅၉ | ၁၀၉၉၈၅၆ |
| ၂။ | အိန္ဒိယ | ၄၄၆၆၄၈၁၀ | ၄၄၁၂၁၅၃၈ | ၅၃၀၅၂၀ |
| ၃။ | ပြင်သစ် | ၃၇၀၆၈၀၈၈ | ၃၆၃၆၆၉၃၄ | ၁၅၇၆၇၁ |
| ၄။ | ဂျာမနီ | ၃၆၀၀၅၀၂၅ | ၃၄၈၉၃၃၀၀ | ၁၅၅၄၀၃ |
| ၅။ | ဘရာဇီး | ၃၄၉၂၈၅၀၄ | ၃၄၁၀၅၆၇၀ | ၆၈၈၆၅၉ |
| ၆။ | တောင်ကိုရီးယား | ၂၆၀၉၁၅၃၉ | ၂၅၂၈၂၁၀၅ | ၂၉၅၇၁ |
| ၇။ | ဗြိတိန် | ၂၃၉၃၀၀၄၁ | ၂၃၆၂၇၇၄၃ | ၁၉၄၇၀၄ |
| ၈။ | အီတလီ | ၂၃၆၄၂၀၁၁ | ၂၃၀၃၇၄၆၄ | ၄၇၄၁၇ |
| ၉။ | ဂျပန် | ၂၃၀၃၀၃၃၀ | ၂၀၅၄၄၇၅၃ | ၄၇၄၁၇ |
| ၁၀။ | ရုရှား | ၂၁၄၈၉၀၇၄ | ၂၀၈၉၀၇၂၈ | ၃၉၀၉၀၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၈၁၇၀ | ၁၀၆၀၅၆၆၉ | ၄၃၁၆၆ |
| ၂။ | အင်ဒိုနီးရှား | ၆၅၅၀၄၄၈ | ၆၃၄၃၅၂၀ | ၁၅၉၀၃၅ |
| ၃။ | မလေးရှား | ၄၉၄၀၄၅၆ | ၄၈၆၉၉၆၉ | ၃၆၅၂၂ |
| ၄။ | ထိုင်း | ၄၆၉၅၂၀၇ | ၄၆၄၉၅၀၉ | ၃၂၉၉၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၁၄၀၃၉ | ၃၉၃၃၁၈၄ | ၆၄၃၂၉ |
| ၆။ | စင်ကာပူ | ၂၁၃၄၃၁၉ | ၂၀၅၂၉၀၃ | ၁၆၉၃ |
| ၇။ | မြန်မာ | ၆၃၂၅၈၇ | ၆၀၆၈၅၈ | ၁၉၄၈၆ |
| ၈။ | ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၃၃၅ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၆ | ၁၃၄၉၄၀ | ၃၀၅၆ |

## နိုဝင်ဘာလ (ဒုတိယ) ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၃၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၁ ဒီဂရီဖာရင်ဟိုက်မှ ၆၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ။** ။ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ၁၉ မီလီမီတာ မှ ၂၈ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၉ မီလီမီတာ မှ ၃၈ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၃၉ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း ရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေရှိခဲ့သည်။

**မိုး/ဇလ**

■

# ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံး အမြန်လမ်းမကြီး ဖွင့်လှစ်




**ဖနောင်ပင် နိုဝင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံး အမြန်လမ်းမကြီးကို နိုဝင်ဘာ ၉ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို နိုင်ငံ၏ အကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် တရုတ်နိုင်ငံက ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၉ ရက်က မြို့တော်ဖနောင်ပင်၌ ကျင်းပသည့် အမြန်လမ်းမကြီး ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် တရုတ်ဝန်ကြီးချုပ် လီခချန်းတို့ တက်ရောက်ခဲ့သည်။

**ဖွင့်လှစ်ခဲ့ခြင်းဖြစ်**

ကမ္ဘောဒီးယားနိုင်ငံ၌ အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့်ဆက်စပ်သော ထိပ်သီးအစည်းအဝေးများ ကျင်းပခြင်းမပြုမီ အဆိုပါလမ်းမကြီးကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကီလိုမီတာ ၁၉၀ ရှည်လျားသော အမြန်လမ်းမကြီးသည် မြို့တော်ဖနောင်ပင်နှင့် တောင်ပိုင်းဆိပ်ကမ်းမြို့ Shihanoukville ကို ဆက်သွယ်ပေးသည်။ စီးပွားရေးအချက်အချာကျသည့် နေရာသစ်တစ်ခုဖန်တီးရန် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် တရုတ်နိုင်ငံက အဆိုပါ အမြန်လမ်းမကြီး တည်ဆောက်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့် ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နိုင်ငံက ဦးဆောင်သည့်စီမံကိန်းများစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံသည်လည်း စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နှစ်နိုင်ငံအကြား နီးကပ်သော ဆက်ဆံရေးကိုလည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံက တရုတ်နိုင်ငံထုတ် Sinovac COVID-19 ကာကွယ်ဆေးကို အလုံအလောက် သိုလှောင်ထား

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၁**

မလေးရှားနိုင်ငံသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအတွက် ဒေသတွင်း ဝယ်လိုအားကိုဖြည့်ဆည်းနိုင်ရန်ရည်ရွယ်ပြီး တရုတ်နိုင်ငံထုတ် Sinovac COVID–19 ကာကွယ်ဆေးကို အလုံအလောက် သိုလှောင်ထားကြောင်း မလေးရှားဆေးဝါးကုမ္ပဏီ Pharmaniaga က ယနေ့ ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးကို လူကြီးများနှင့် ကလေးများအတွက် အသုံးပြုမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများတွင် အရွယ်ရောက်ပြီးသူများအတွက် ထပ်လောင်းကာကွယ်ဆေးထိုးနှံပေးရာတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Pharmaniaga ကုမ္ပဏီ အကြီးအကဲ Zulkarnain Md Eusope က နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှုန်းများ မြင့်တက်လာခြင်းအပေါ် စိုးရိမ်ကြောင်း မှတ်ချက်ပြုခဲ့ပြီး ရောဂါကူးစက်မှုနှုန်းများ လျော့ကျစေရန် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူကြရန် ပြည်သူများအား တိုက်တွန်းခဲ့သည်။

**ပြောကြား**

ယခုနှစ်အောက်တိုဘာလအထိ မလေးရှားပြည်သူ ၄၉ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုကို ခံယူပြီးဖြစ်ကြောင်းနှင့် ပုဂ္ဂလိက ဆေးရုံများနှင့် ဆေးခန်းပေါင်း ၅၀ ခန့်တွင် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း ကုမ္ပဏီအကြီးအကဲ Zulkarnain Md Eusope က ပြောကြားသည်။

Sinovac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးသည် ကိုဗစ်–၁၉ ရောဂါကိုတိုက်ဖျက်ရန် နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုတွင် အဓိကနေရာတွင်ပါဝင်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်း၌ တရုတ်နိုင်ငံထုတ်ကာကွယ်ဆေးများဖြစ်သည့် Sinopharm COVID–19 ကာကွယ်ဆေးနှင့် CanSino COVID–19 ကာကွယ်ဆေးတို့ကိုလည်း အသုံးပြုလျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံသည်မကြာသေးမီ ရက်သတ္တပတ်များအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှုန်းများ မြင့်တက်လာခဲ့ပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၃၄၃၆ ဦးအား ထပ်မံစစ်ဆေးတွေ့ရှိရသည်။ ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၉၄၀၄၅၆ ဦး ရှိသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရှစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၆၅၂၂ ရှိကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**




# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၆ ဦး ထပ်မံသေဆုံး

**မနီလာ နိုဝင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၂၆ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၃၅၅ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သောတစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၁၂၂၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၁၅၂၆၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၇၁၈၈ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၇၇ ဦး သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၇၂၆၇ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၆ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်– ၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ကမ္ဘာတစ်ဝန်းရှိ နည်းပညာကုမ္ပဏီများ တရုတ်နိုင်ငံဈေးကွက်၏ အလားအလာကို ယုံကြည်

**ရှန်ဟိုင်း နိုဝင်ဘာ ၁၁**




ကမ္ဘာတစ်ဝန်းရှိ နည်းပညာကုမ္ပဏီများသည် (၅)ကြိမ်မြောက် တရုတ် အပြည်ပြည်ဆိုင်ရာသွင်းကုန်ပြပွဲတွင် ပါဝင်ပြသလာခြင်းမှာ တရုတ်နိုင်ငံ၏ ဈေးကွက်နှင့် ဈေးကွက်၏အလားအလာကောင်းများကို ယုံကြည်ခြင်းကြောင့်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ ဇောင်လီဂျန်းက နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

အမေရိကန်က တရုတ်နိုင်ငံမှ ချစ်ပ်ပြားတင်သွင်းမှုကို ပိတ်ပင်လိုက်သဖြင့် တရုတ်နိုင်ငံမှ ချစ်ပ်ပြားထုတ်လုပ်သည့် ကုမ္ပဏီများအား ဝင်ငွေထိခိုက်မှုရှိခဲ့သော်လည်း ကမ္ဘာတစ်လွှားမှ ချစ်ပ်ပြားထုတ်လုပ်သည့် ကုမ္ပဏီများ၏ တရုတ်ဈေးကွက်အပေါ် ယုံကြည်ချက်မှာ မလျော့နည်းသွားဘဲရှိနေဆဲဖြစ်ကြောင်း၊ ထိုသို့ တရုတ်နိုင်ငံ၏ ဈေးကွက်အပေါ် ယုံကြည်ရခြင်းမှာ တရုတ်နည်းပညာကုမ္ပဏီများသည် အရည်အသွေးမြင့်မားသည့် နည်းပညာဆိုင်ရာကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၎င်းပြပွဲကို ကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းများအတွက် သာယာဝပြောသည့် အနာဂတ်ရရှိလာစေရေးအတွက် အခြေအနေများ ပေါ်ပေါက်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် ကမ္ဘာ့နိုင်ငံအချို့သည် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး စည်းမျဉ်းကိုချိုးဖောက်ပြီး တရုတ်နိုင်ငံအား ပိတ်ဆို့မှုပြုလုပ်ကာ ကမ္ဘာ့ကုန်သွယ်ရေးစနစ်၏ ထောက်ပံ့ရေးလမ်းကြောင်းများ မတည်မငြိမ်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း ၎င်းက ပြောကြားသည်။ သို့ရာတွင် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် လက်တွဲကာ အချို့နိုင်ငံများ၏ မရိုးသားသည့် ဆောင်ရွက်ချက်များကို တိုက်ဖျက်သွားမည်ဖြစ် ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား–စီဂျီတီအင်န်**
**ဘာသာပြန်–စိုးသူရ**

# ရဝမ်ဒါနိုင်ငံ၌ ပြီးခဲ့သည့်ကိုးနှစ်တာကာလအတွင်း ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု တန်ချိန် ၁၂၆၀၀၀ ကို လျှော့ချနိုင်ခဲ့

**ကန်ပါလာ နိုဝင်ဘာ ၁၁**

ရဝမ်ဒါနိုင်ငံသည် ပြီးခဲ့သည့်ကိုးနှစ်တာကာလအတွင်း ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု တန်ချိန် ၁၂၆၀၀၀ ကို လျှော့ချနိုင်ခဲ့ကြောင်း အီဂျစ်တွင် ကျင်းပသည့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုတိုက်ဖျက်ရေး ညီလာခံ (COP27) တွင် ပြောကြားသည်။ ၂၀၁၃ ခုနှစ်မှ စတင်၍ ရဝမ်ဒါနိုင်ငံ၏ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၇ သန်းကို ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ စီမံကိန်းများတွင် ခွဲဝေသတ်မှတ်သုံးစွဲရန်ရည်မှန်းချက်ထားရှိကြောင်း သိရသည်။

အဆိုပါရန်ပုံငွေကို ရဝမ်ဒါနိုင်ငံရှိ အစိမ်းရောင်စီမံကိန်း ၄၆ ခုတွင် ရင်းနှီးမြှုပ်နှံပြီး ကာဗွန်ဓာတ်ငွေ့လျှော့ချရေးဆောင်ရွက်နေကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်တွင် သစ်တောဟက်တာ ၄၇၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ အိမ်ထောင်စု ၈၈၀၀၀ ကို သန့်စင်သည့် စွမ်းအင်များထောက်ပံ့ပေးနိုင်ခဲ့ပြီး ဒေသခံ ၁၂၀၀၀၀ ကို ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်စေရေးအတွက် ပြင်ဆင်မှုများ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ရဝမ်ဒါနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာအကျိုးသက်ရောက်မှုများ လျှော့ချရေးအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံလိုအပ်မည်ဖြစ်ကြောင်း ရဝမ်ဒါဘဏ္ဍာရေးဝန်ကြီး ကလောက်ဒိန်းယူဝီရာက ပြောကြားသည်။

**ကိုးကား–စီဂျီတီအင်န်၊ ဘာသာပြန်–စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လက်ပံလှ-စဥ့်ကူး ယာယီစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်၌ ကုန်ပစ္စည်းများအောက်တွင် သိုဝှက်သယ်ဆောင်လာသော တရားမဝင် ကျွန်းတံခါးချပ်ဆိုဒ်စုံ၊ ကျွန်းတံခါးကျည်းပေါင်နှင့် ကျွန်းခွဲသားဆိုဒ်စုံ (၄ ဒသမ ၉၂၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၇၁၅၂၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် နစ်ဆန်းဒီဇယ်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၈၇၁၅၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

**အရေးယူဆောင်ရွက်**

အလားတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၏ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဘုရားပန်းအိုးများ၊ Plastic Resin များ၊ မော်တော်ကားအင်ဂျင်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၁၈၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ် တစ်တွဲနှင့် မစ်ဆူဘီရှီဖူဆိုယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၉၈၁၈၇၅၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၈၄၅၂၇၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရှာငံနှင့် လွိုင်လင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် နံနက် ၁၁ နာရီတွင် ရှာငံမြို့နယ် မြို့ကြီးကျေးရွာရှိ စစ်ဆေးရေးဂိတ်တွင် AD Van ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၁ ဒသမ ၁ ကီလိုကို လည်းကောင်း၊

နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် လွိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် သန်းသန်းအောင် သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၁၄၀၀ တန်ဖိုးရှိ အိုက်စ် ၁၀ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



သန်းသန်းအောင်အား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။





# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေး

**ပေါက်တော နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက် ၁၀ နာရီတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိန်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သဇင်မိုးက ကလေးအလုပ်သမားများဥပဒေ၊ အသက်အရွယ်အပိုင်းအခြားအလိုက် သတ်မှတ်ထားသည့် ကလေးအလုပ်သမားများ ဥပဒေ၊ ကလေးအလုပ်သမားများနှင့်ပတ်သက်၍ ဥပဒေအရ အကာအကွယ်၊ ကလေးသူငယ်များကို အလုပ်ခိုင်းစေခြင်းနှင့်ပတ်သက်၍ ပြစ်ဒဏ်များစသည့် အကြောင်းအရာများကို အသိပညာပေးဆွေးနွေး ပြောကြားသည်။

ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေးဆွေးနွေးပွဲအစီအစဉ်များ ရိုက်ကူးကာ ပေါက်တောမြို့နယ် Facebook Page တွင် တင်ဆက်ပေးလျက်ရှိသည့်အပြင် စာဖတ်ပရိသတ်လက်ဝယ်အရောက် စာအုပ်စာစောင်များအား ရွှေ့လျားစာကြည့်တိုက်အဖြစ် ကွင်းဆင်းကာ အခမဲ့ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# သာစည်မြို့နယ်၌ ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် သောက်သုံးရေကန်အား ကျေးရွာသို့ လွှဲပြောင်းပေးအပ်

**သာစည် နိုဝင်ဘာ ၁၁**

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ရေအရင်းအမြစ်နည်းပါးပြီး အမှန်တကယ်ရေလိုအပ်သည့် ကျေးရွာများတွင် ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေအတွက် အထောက်အကူပြုဖြစ်စေရန် ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရွာပုလဲလေးကျေးရွာ၌ တူးဖော်ပြီးသော ရေကန်ငယ်ကို ကျေးရွာရေကန်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီထံ ယနေ့နံနက် ၉ နာရီက အဆိုပါ ရေကန်အနီး၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



ရေကန် လွှဲပြောင်းပေးအပ်ရာတွင် မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းမြင့်က ရေကန်ကို ရေရှည်အသုံးပြုနိုင်ရန်နှင့် သောက်သုံးရေကန်ဖြစ်သည့်အတွက် ငါးမွေးမြူခြင်းမပြုလုပ်ရန်၊ ရေဆင်းချိုးခြင်းများမပြုလုပ်ရန်၊အမှိုက်များ မပစ်ရန်နှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ကန်ပေါင်ပေါ်တက်ရောက်ခြင်း မရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်တို့ကို မှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိက ရေကန်နှင့်ပတ်သက်သော စာချုပ်စာတမ်းများကို ကျေးရွာရေကန်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါသောက်သုံးရေကန်ငယ်မှာ အလျား ပေ ၁၀၀၊ အနံ ပေ ၅၀ နှင့်အနက် ခြောက်ပေ ရှိကြောင်း သိရသည်။

သာစည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေးနှင့် ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အသိပညာပေးဟောပြော ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးစပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**လွိုင်လင် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ တောင်သူဦးတေဇပိုင်လယ်ယာမြေ သုံးဧကတွင် ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးထားရှိသော မိုးစပါး(DU 12)စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တစ်ဧကလျှင်(အစို) အထွက်နှုန်း ၆၅ ဒသမ ၇၄ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှသိရသည်။

**အယ်မင်း( လွိုင်လင် )**



# အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စုနှင့် ကဇူးကိုင်းကျေးရွာအုပ်စုတို့မှ နေရပ်ပြန်ကြမည့် တိုက်ပွဲရှောင်အိမ်ထောင်စုဝင်များသို့ ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်၊ နေရပ်ဒေသများသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်

နေပြည်တော် နိုဝင်ဘာ ၁၁

ရခိုင်ပြည်နယ် အမ်းမြို့ရှိ ယာယီတိုက်ပွဲရှောင် စခန်းအသီးသီးတွင် ခေတ္တခိုလှုံ နေထိုင်လျက်ရှိသော အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စုနှင့် ကဇူးကိုင်း ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာ ၂၅ ရွာတို့မှ နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင်ဒေသခံ ပြည်သူအိမ်ထောင်စုဝင်များအား ဆဋ္ဌမအကြိမ် မြောက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို နိုဝင်ဘာ ၁၀ ရက်တွင် အမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာန ချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယာယီတိုက်ပွဲရှောင်ပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြား သည်။ ထို့နောက် ဒုတိယတိုင်းမှူးက ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စု တစ်စု လျှင် ငွေကျပ် ငါးသိန်းနှုန်းစီဖြင့် အိမ်ထောင်စု ၂၂၉ စုအတွက် ထောက်ပံ့ငွေ ၁၁၄၅ သိန်းကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် နေရပ်ပြန် ပြောင်းရွှေ့စရိတ် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းစီဖြင့် ငွေကျပ် ၂၂၉ သိန်းကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် လူတစ်ဦးလျှင် ရိက္ခာဆန် တစ်ရက်အတွက် နှစ်ဘူးနှုန်းဖြင့် အိမ်ထောင်စု ၂၂၉ စုရှိ လူဦးရေ ၁၀၃၂ ဦးအတွက် တစ်လစာရိက္ခာ ဆန်ဖိုးငွေကျပ် ၉၂၈၈၀၀၀ ကိုလည်း ကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေထားဇော်က အိမ်ထောင်စု တစ်စုလျှင် တစ်ပုံးနှုန်းဖြင့် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါဝင်သော Family Kit ပုံး ၂၂၉ လုံးကိုလည်း ကောင်း ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ၏ ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ပြည်နယ် အစိုးရအဖွဲ့နှင့် တပ်မတော်မှ စီစဉ်ဆောင်ရွက် ပေးမှုဖြင့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များက ၎င်းတို့၏ နေရပ်ဒေသသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ အမ်းတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက အိမ်ထောင်စုဝင်များ၏ အိမ်သုံးပစ္စည်းများကို မော်တော်ယာဉ်များပေါ်သို့ ကူညီသယ်ယူရွှေ့ပြောင်း ပို့ဆောင်ပေးကြသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုပြီး နေရပ်ပြန်တိုက်ပွဲရှောင်ပြည်သူ များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေး စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေစကြိုမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ဇေယျသိမ်ကျောင်းတိုက်မှ ဆရာတော် ဦးအာစာရ ၄၂ နှစ်၊ ဝါတော် ၂၃ ဝါ အား သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ် ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဌာန ဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်း နှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာလုပ်ကြံ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ် ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော် ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက် ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော် များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြ သည်ကို တွေ့ရသည်။

နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲက မကွေး တိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်သာကျေးရွာ ရေစကြို-ပခုက္ကူကားလမ်း၏ အနောက်ဘက်ရှိ မေတ္တာရှင်လူမှုကူညီရေးအသင်းရုံးသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား(စိစစ်ဆဲ)ရောက်ရှိလာပြီး အဆိုပါရုံးတွင် မေတ္တာရှင်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ သီတင်းသုံးနေထိုင် လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ဇေယျသိမ်ကျောင်းတိုက်မှ ဆရာတော်ဦးအာစာရ ၄၂ နှစ် ဝါတော် ၂၃ ဝါ (ဘ)ဦးလှဝင်းအား သေနတ် ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဆရာတော် ဦးအာစာရတွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။





အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၉ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အထက်ပါဖြစ်စဉ်မှ ဆရာတော် ဦးအာစာရအား သေနတ်ဖြင့် ရက်စက် စွာ ပစ်ခတ်သတ်ဖြတ်သွားခဲ့သူ အကြမ်းဖက်သမား များအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များ နှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်း များ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်း များကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ၎င်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့် အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့် ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက် ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေ များအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်း ဒေသကြီး ဗိုလ်တထောင်မြို့နယ်နေ သင်းလတ်သည် ၎င်းအသုံးပြုသည့် “Thin Lat” Facebook အကောင့်၊ သဃ်ာန်းကျွန်းမြို့နယ်နေ ကောင်းမြတ်ထွန်း(ခ) ကိုကောင်းသည် ၎င်းအသုံးပြုသည့် “Ko Kaung” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက် များအရ ဘင်္ဂလားပင်လယ်အော် အနောက် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်း၊ တမီးလ်နာဒူး ကမ်းလွန်တို့တွင် ဖြစ်ပေါ်နေသော အားကောင်း သော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် နောက် ၁၈ နာရီအတွင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူး- ပူဒူချယ်ရီကမ်းခြေသို့ ရောက်ရှိနိုင်ကာ ထိုမှ တစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံကမ်းခြေကို တမီးလ် နာဒူး-ပူဒူချယ်ရီတို့မှ ဖြတ်ကျော်ဝင်ရောက်နိုင် သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့်မိုင်းများအား အများပြည်သူ ဘေးအန္တရာယ်မရှိစေရေး ဖယ်ရှားရှင်းလင်း



မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများကို တွေ့ရစဉ်။



မိုးမောက်မြို့ အခြေခံပညာ အထက်တန်း ကျောင်းဝင်း အတွင်းရှိ သစ်ပင်၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများကို တွေ့ရစဉ်။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မီးရှို့ဖျက်ဆီးခဲ့သည့်နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်း၌ မိုးမောက်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့ လမ်းဆုံနေရာသို့ရောက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် ရီမုမိုင်း သုံးလုံးကို တွေ့ရှိခဲ့သဖြင့် အများပြည်သူများ အန္တရာယ်မရှိစေရေး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်း၏ ပင်မစာသင်ဆောင်မှလည်းကောင်း၊ လမ်း၏ ညာဘက်ခြမ်း မီတာ ၃၀ ခန့်အကွာ လူနေအိမ်များမှ အကာအကွယ်ယူ၍ လည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ပြီး အပြန်အလှန်ထိတွေ့မှုဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်နှင့် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျောင်းဝင်းအတွင်းရှိ သစ်ပင်တွင်ကပ်၍ ထောင်ထားသည့် ဒေသန္တရလက်လုပ် ရီမုမိုင်းတစ်လုံးကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ဆုတ်ခွာရာလမ်းကြောင်းတစ်လျှောက်ရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်၌ လည်းကောင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအတွင်း၌ လည်းကောင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် လူနေအိမ်နှင့် စာသင်ကျောင်းများကို အကာအကွယ်ယူတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုလုပ်ရပ် ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ဒေသအတွင်း လှုပ်ရှားသွားလာလျက်ရှိသည့် ဒေသခံပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံအေးချမ်းတည်ငြိမ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ကျုံကူးတိုက်နယ်ရှိ ကျုံကူးရွာ စိတ္တသုခဘုန်းတော်ကြီးကျောင်းတွင် အခြေပြု၍ ဒေသခံပြည်သူ ၁၂၃၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၈၈ ဦး၊ ခွဲစိတ်ရောဂါ ၇၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၃ ဦး၊ ကလေးရောဂါ ၄၉ ဦး၊ အရိုးရောဂါ ၁၂၈ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၇၀၊ မျက်စိရောဂါ ၄၇၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၂ ဦး စုစုပေါင်း ၁၂၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၉ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၉ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ❂ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ

၂၆၁၅ တန်ကိုလည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့ပြီး နိုဝင်ဘာ ၈ ရက်တွင် ဆန်တန်ချိန် ၂၆၅၀ တင်ပို့ရန် ရောက်ရှိနေသော MV MCL-12 သင်္ဘောဖြင့် မကြာမီရက်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်(၅မတ်)50kg ဆန်အိတ်များတင်ဆောင်၍ တတိယမြောက်သင်္ဘောအဖြစ် တိုက်ရိုက်တင်ပို့ရန် ဆန်အိတ်များကို တင်ဆောင်လျက်ရှိသည်။

"အခုရောက်နေတဲ့ MV MCL-12 သင်္ဘောနဲ့ဆန်တန်ချိန် ၂၆၅၀တင်ဆောင်ပြီးဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့ဖို့ လုပ်ဆောင်နေပါတယ်။ ဆန်အိတ်ပေါင်း ၅၃၀၀၀ ကိုတင်ဆောင်နေတာပါ။ ပုသိမ်ကနေ ဆန်တိုက်ရိုက်တင်ပို့ခွင့်ရတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရလာတယ်။ မိမိတို့တိုင်းဒေသကြီး စီးပွားဖွံ့ဖြိုးဖို့ တစိုက်မတ်မတ်အားသွန်ခွန်စိုက်လုပ်ဆောင်ဖို့နဲ့ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ပြီး ရည်မှန်းချက်အတိုင်း အောင်မြင်အောင်လုပ်ဆောင်ကြဖို့ တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းညွှန်ထားတာလည်းရှိပါတယ်။ အခုတတိယအကြိမ်ဆန်တင်ပို့မယ့် သင်္ဘောမကြာမီရက်ပိုင်းအတွင်းထွက်ခွာဖို့ ဆောင်ရွက်နေပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

မြန်မာနိုင်ငံ၏စပါးကျီဟုတင်စားလေ့ရှိသော ဧရာဝတီတိုင်းဒေသကြီးတွင် မိုးနှင့်နွေစပါးစိုက်ဧက ၅၁ သိန်းခန့်ရှိပြီး တစ်နှစ်လျှင်စပါးတင်းသိန်းပေါင်း ၃၃၀၀ ကျော်ထွက်ရှိ၍ ဆန်တန်ချိန်ပေါင်း ၃၃ သိန်းခန့် ရရှိလျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် လူဦးရေ ၆၄ သိန်းရှိပြီး တစ်နှစ်လျှင်ဆန်တန်ချိန် ၁၀ သိန်း စားသုံးလျက်ရှိ၍ ချောင်းသာ၊ ငွေဆောင်နှင့် ငပလီကမ်းခြေသို့ လာရောက်သော ခရီးသွားဧည့်သည်လူဦးရေ သုံးသိန်းနှင့် ရန်ကုန်၊ ပဲခူး၊ မကွေးသို့ ဆန်တန်ချိန် ၁၄ သိန်းတင်ပို့စားသုံးလျက်ရှိကာ ကျန်ရှိသောဆန်တန်ချိန် ကိုးသိန်းအား ပြည်ပသို့ တင်ပို့၍ နိုင်ငံခြားငွေရရှိရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယခင်က ရန်ကုန်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ဆန်တင်ပို့ရာတွင် ဧရာဝတီတိုင်းဒေသကြီးမှရန်ကုန်သို့သယ်ယူပို့ဆောင်ခနှင့် အလုပ်သမားစရိတ်များစွာကုန်ကျခဲ့ပြီး ယခုအခါ ပုသိမ်ဆိပ်ကမ်းမှတိုက်ရိုက် တင်ပို့နိုင်သည့်အတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံများ အကျိုးဖြစ်ထွန်းလျက်ရှိသည်။

ပုသိမ်မြို့စက်မှုဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်သုံးသောင်းမှတစ်သိန်းအထိ ဒေသအတွင်းရှိ စပါးနှင့်ဆန်ပိုလျှံမှုအပေါ်မူတည်၍ တိုးမြှင့်တင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခု တတိယမြောက်သင်္ဘောအပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် ၃၉၁၅ တန်တင်ပို့လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ- သတင်းစဉ်၊ ဓာတ်ပုံ - ကနူး**

# ပခုက္ကူမြို့နယ်၌ စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာရောင်းချ

**ပခုက္ကူ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ပြည်သူများ တန်ဖိုးသင့်အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်၍ ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်၌ နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီက ရောင်းချပေးခဲ့သည်။

ယင်းသို့ရောင်းချပေးရာတွင် ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများက ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ပြည်သူ ၁၉၅ ဦးနှင့် စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် ပြည်သူ ၃၀၀ ထံကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## တိုင်းရင်းသားဘာသာစကားကို မကာကွယ် မစောင့်ရှောက်နိုင်ပါက ဘာသာစကားပျောက်ကွယ်သွားနိုင်ပြီး လူမျိုးပါပျောက်ကွယ်နိုင်

**ထားဝယ် နိုဝင်ဘာ ၁၁**

တိုင်းရင်းသား ဘာသာစကားကို မကာကွယ် မစောင့်ရှောက်နိုင်ပါက ဘာသာစကားပျောက်ကွယ်သွားနိုင်ပြီး လူမျိုးပါပျောက်ကွယ်နိုင်ကြောင်း ယမန်နေ့နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ်တိက္ခပညာခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့်အထောက်အကူပြု ဆွေးနွေးပွဲအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောကြားသည်။

**ကိုယ်ပိုင်ဘာသာစကား**

တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် မတူကွဲပြားသော ယဉ်ကျေးမှုနှင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုး နေထိုင်ကြပြီး လူမျိုးစုတစ်ခုချင်းစီတွင် ကိုယ်ပိုင်ဘာသာစကားများရှိကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သင်ကြားရေးအထောက်အကူပြုနှင့် ဘာသာစကားသင် ဆရာ ဆရာမများ ခန့်အပ်တာဝန်ပေးခြင်းသည် တိုင်းရင်းသား စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားကို ထိန်းသိမ်းဆောင်ရွက်ကြစေလို၍ ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသား ဘာသာစကား ၇၂ မျိုး ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ သင်ကြားရာတွင် ဒေသခံလူမျိုးစုများနှင့် ယဉ်ကျေးမှုများအကြောင်း ပေါင်းစပ် သင်ကြားပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နီနီသန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမ ၁၁၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားပို့ချပေးနေသော ဆရာ ဆရာမများကို အရည်အသွေးမြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်ပေး

**တောင်ကြီး နိုဝင်ဘာ ၁၁**

နိုင်ငံတော်အနေဖြင့် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားပို့ချပေးနေသော ဆရာ ဆရာမများကို အရည်အသွေးမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ တောင်ကြီး ပညာရေးဒီဂရီကောလိပ် ကမ္ဘောဇခန်းမ၌ ကျင်းပသည့်တောင်ကြီးပညာရေးဒီဂရီကောလိပ် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြောကြားသည်။

**ဆရာ ဆရာမဦးရေ ၁၁၂၈၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲကို တက်ရောက်ကြမည့် ဆရာ ဆရာမဦးရေ ၁၁၂၈၀ ဖြစ်ပြီး ပထမအသုတ်တွင် တိုင်းရင်းသား ဘာသာစကားသင် ဆရာ ဆရာမ ၃၉၅၇ ဦး တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း၊ အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ တက်ရောက်နေသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစကားကို သင်ကြားပို့ချပေးနေသည့် ဆရာ ဆရာမများအနေဖြင့် ဆွေးနွေးပွဲရည်ရွယ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ တောင်ကြီး ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကိုရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည်။

အဆိုပါ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲသို့ တောင်ကြီး ပညာရေးဒီဂရီကောလိပ်တွင် တက်ရောက်သူ ၃၂၃ ဦးရှိပြီး ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ လားဟူ၊ တအောင်း(ပလောင်)၊ တောင်ရိုး၊ လီဆူးဘာသာစကားတို့ကို နိုဝင်ဘာ ၃ ရက်မှ ၂၅ ရက်ထိ တစ်ပတ်လျှင် ခြောက်ရက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**



## ဝိုင်းမော်မြို့နယ် နမ့်ဒဘက်ချောင်းအတွင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး ပဏာမကွင်းဆင်းတိုင်းတာ လေ့လာတွေ့ရှိချက်များ ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် အတွင်းမှ စိုက်ပျိုးထွက်ရှိသည့် ငှက်ပျော၊ ကြံ၊ ဖရဲ၊ ငရုတ် စသည့် စိုက်ပျိုးသီးနှံများအပါအဝင် အခြားကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ သယ်ယူပို့ဆောင်ရာတွင် မော်တော်ယာဉ်များ စနစ်တကျဖြစ်စေရေးနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းရာတွင် ပိုမိုအားကောင်းခိုင်မာပြီး အကျိုးရှိထိရောက်စွာ စီမံကွပ်ကဲဆောင်ရွက်နိုင်ရေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဝိုင်းမော်မြို့နယ် နမ့်ဒဘက်ချောင်းအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး ပဏာမကွင်းဆင်းတိုင်းတာ လေ့လာတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပသည်။

**တိုက်တွန်းအားပေး**

ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ကချင်ပြည်နယ်တွင် လောင်စာဆီဖြင့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရသည့် မြို့နယ်များရှိနေသေးသည့်အတွက် မီးလင်းရေးအတွက် လောင်စာဆီသုံးစွဲမှုမြင့်မားလျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး တိုက်တွန်းအားပေးဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြပြီး ဆွတ်ဂွမ်ဂျာကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက ဝိုင်းမော်မြို့နယ် နမ့်ဒဘတ်ချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး လုပ်ကွက်များအလိုက် ကနဦးကွင်းဆင်းစစ်ဆေးတိုင်းတာခဲ့မှုအခြေအနေများနှင့် ထွက်ရှိနိုင်မည့် လျှပ်စစ်ဓာတ်အားပဏာမကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကွင်းဆင်းတိုင်းတာချက်များနှင့်စပ်လျဉ်း၍ သုံးသပ်ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဝိုင်းမော်မြို့နယ် နန့်ဒဘတ်ချောင်းမှ ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေး ပြန်လည်စိစစ်တင်ပြဆောင်ရွက်သွားရမည့်ကိစ္စရပ်များ၊ ရေအားလျှပ်စစ်ထုတ်ယူရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



## ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အစည်းအဝေး လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၁၁**

ကယားပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ကယားပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်များအပေါ် ခွဲခြားဆက်ဆံမှုများ ပပျောက်စေရန်နှင့် ကာကွယ်စောက်ရှောက်ရန်၊ အခြေခံမူလေးရပ်ဖြစ်သော ကလေးသူငယ်၏ အကောင်းအဆိုး အကျိုးစီးပွားကို ဖြစ်ထွန်းစေသောမူ၊ ခွဲခြားသတ်မှတ်မှုမရှိစေသောမူ၊ အသက်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေသောမူနှင့် ကလေးသူငယ်၏ ထင်မြင်ယူဆချက်ကို အလေးပေးစေသောမူတို့ကို သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကလေးသူငယ်များအပေါ် ကျရောက်မည့်အန္တရာယ်များမှ အကာအကွယ်ပေးနိုင်ရန် သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မတီဝင်များအားလုံး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ ဆောင်ရွက်ထားရှိသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအသီးသီးက မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် အစီအမံများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီးက ဆွေးနွေးတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲ ဆုချီးမြှင့်

**ဘားအံ နိုဝင်ဘာ ၁၁**

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲကို ဘားအံမြို့ သီရိကွင်း၌ ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိရာ ယခင်နှစ်များထက် ပြိုင်ပွဲဝင်ဒုံးအဖွဲ့ပိုများပြီး ပြိုင်ဆိုင်မှုကောင်းမွန်ကာ ယမန်နေ့ ညပိုင်းက သီရိကွင်းဒုံးစင်မြင့်ထက်၌ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အဆိုပါ အခမ်းအနားတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုံးအဖွဲ့ ၁၀ ဖွဲ့အား နှစ်သိမ့်ဆုများကိုလည်းကောင်း၊ ဒုံးအဖွဲ့ ငါးဖွဲ့အား အထူးဆုများကိုလည်းကောင်း၊ ရာဇဓညာဆုတောင်းတေးသီချင်း တတိယဆုရ မြဝတီ ခရိုင်ကိုယ်စားပြုဒုံးအဖွဲ့၊ ဒုတိယဆုရ မိဖံတိုက်နယ် စုပေါင်းဒုံးအဖွဲ့၊ ပထမဆုရ ဖာပွန်ခရိုင်ကိုယ်စားပြု ကိုးနဝင်းယဉ်ကျေးမှုဒုံးအဖွဲ့တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီးခင်ဇော်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က တေးသီချင်းတတိယဆုရရှိသော လှိုင်းဘွဲ့မြို့နယ် ကြာအင်းကျေးရွာ ယဉ်ကျေးမှုဒုံးအဖွဲ့၊ တေးသီချင်းဒုတိယဆုရရှိသော အိန္ဒူတိုက်နယ် ကိုယ်စားပြုဒုံးအဖွဲ့၊ တေးသီချင်းပထမဆုရရှိသော ရသေ့ပုံကျေးရွာဒုံးအဖွဲ့တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုံးအကပြိုင်ပွဲပဥ္စမဆုရ မိဖံ တိုက်နယ် စုပေါင်းဒုံးအဖွဲ့အား ငွေသားဆုကျပ်သိန်း ၃၀ နှင့် ဆုဖလားတို့ကိုလည်းကောင်း၊ ဒုံးအကပြိုင်ပွဲ စတုတ္ထဆုရ လှိုင်းဘွဲ့မြို့နယ် ကြာအင်းကျေးရွာ ယဉ်ကျေးမှုဒုံးအဖွဲ့အား ငွေသားဆု ငွေကျပ် ၃၅ သိန်း နှင့် ဆုဖလားတို့ကိုလည်းကောင်း၊ ဒုံးအကပြိုင်ပွဲ တတိယဆုရ ဘားအံရွှေမြို့တော်ဒုံးအဖွဲ့အား ငွေသား ဆု ငွေကျပ်သိန်း ၄၀ နှင့် ဆုဖလားတို့ကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီးဒေါ်နန်းဘေဘီမြင့်တို့က ဒုံးအကပြိုင်ပွဲပထမဆု ရရှိသော ဝတ်ကြီးတိုက်နယ် မုက္ကဒိကျေးရွာဒုံးအဖွဲ့နှင့် ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ် စုပေါင်း ဒုံးအဖွဲ့တို့အား ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ် ၄၅ သိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးမြစ်ကူးသန်လျင်တံတားအမှတ်(၃)စီမံကိန်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ပဲခူးမြစ်ကူးသန်လျင်တံတားအမှတ်(၃) စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက် နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သာကေတဘက်ခြမ်း စီမံကိန်းရှင်းလင်း ဆောင်တွင် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးကျော်ကောင်းချိုနှင့် တာဝန်ရှိသူများက ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ် (၃) စီမံကိန်း လုပ်ငန်းအား ၂၀၁၉ ခုနှစ် ဇွန်လမှစတင်၍ ဂျပန်နိုင်ငံ ချေးငွေဖြင့် တည်ဆောက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် လုပ်ငန်းများ ယာယီ ရပ်နားထားခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ လုပ်ငန်းများကို အပိုင်း သုံးပိုင်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နေမှု၊ တည်ဆောက်ရေးလုပ်ငန်း များအား ဂျပန်နည်းပညာဖြင့် ဂျပန်အတိုင်ပင်ခံ အင်ဂျင်နီယာများ၊ ဂျပန်နိုင်ငံမှဆောက်လုပ်ရေး ပညာရှင်များနှင့် တံတားဦးစီးဌာန အင်ဂျင်နီယာ ပညာရှင်များ ပူးပေါင်းတည်ဆောက်နေမှုအခြေအနေ များကိုလည်းကောင်း၊ အပိုင်း သုံးပိုင်းဖြင့် ဆောင်ရွက် ရာတွင် အပိုင်း(၃) လုပ်ငန်းခွင် ၉၂ ရာခိုင်နှုန်းပြီးစီး နေမှု၊ အပိုင်း (၁)၊ အပိုင်း(၂) လုပ်ငန်းခွင်များအား ဆက်လက်တည်ဆောက်နေမှုများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။



ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုတည်ဆောက် နေသည့် တံတားကြီးပြီးစီးသွားပါက ဒေသ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသက်သာ စေပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ လာမည်ဖြစ်၍ ကုန်စည်စီးဆင်းမှုတွင် အဓိကအရေးပါ သည့် ရန်ကုန်-သန်လျင်-သီလဝါ အထူးစီးပွားရေးဇုန် တို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ ရေရှည်အသုံးပြုနိုင်ရန် သတ်မှတ်ထားသည့်စံချိန်၊ စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီး အောင် တည်ဆောက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက် များအား မှာကြားသည်။

ယခုတည်ဆောက်နေသည့် ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ်(၃)သည် လက်ရှိအသုံးပြု နေသည့် ရန်ကုန်-သန်လျင် အမှတ်(၁)တံတား၏ အနီးတွင်တည်ရှိပြီး ပင်မတံတားအရှည် ၁၉၂၈ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၂၄ မီတာ ယာဉ် လေးလမ်း သွားနှင့် သာကေတဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၅၄၇ မီတာ၊ သန်လျင်ဘက်ခြမ်း ချဉ်းကပ်တံတား အရှည် ၁၈၈ မီတာရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်း ရောင်စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေ ထုတ်ချေးခြင်း၊ အရင်း/အတိုးပြန်လည် ပေးဆပ်ခြင်းလုပ်ငန်းစဉ်များကို Manual Cash-based စနစ်ဖြင့် ဆောင်ရွက်လျက် ရှိပြီး ဒစ်ဂျစ်တယ်စနစ်သုံး Mobile Financial Payment စနစ်ဖြင့် ပိုမို ကောင်းမွန်သော ရန်ပုံငွေလည်ပတ်မှုစနစ် တစ်ရပ် ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ မိုဘိုင်းဖုန်းဖြင့် ငွေကြေးလွှဲပြောင်းခြင်း လုပ်ငန်း (Mobile Financial Payment) စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး ရွှေ (ကျေးလက်နှင့် မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်လီမိတက် (Shwe Bank)၊ မြန်မာ နိုင်ငံသားများဘဏ် (Myanmar Citizens Bank) တို့နှင့် သဘောတူစာချုပ်များ ချုပ်ဆိုကာ ရှေ့ပြေးစမ်းသပ်ဆောင်ရွက် သွားမည်ဖြစ်သည်။

အဆိုပါ ရှေ့ပြေးစမ်းသပ်ဆောင်ရွက် မည့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရွာသစ်ကြီးကျေးရွာ တွင် ယနေ့မွန်းလွဲပိုင်းက Digital Payment ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်း မပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်း အခမ်းအနားကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမြင့်စိုး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးသိန်းလွင်၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ တက်ရောက် သည်။



အခမ်းအနားတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လယ်ဝေး မြို့နယ်ဦးစီးမှူးက ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ရွှေ (ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်လီမိတက် (Shwe Bank)၊ MoMoney နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် မန္တလေးတိုင်းဒေသ ကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသ ကြီးတို့ရှိ ကျေးရွာ ကိုးရွာ၊ အိမ်ထောင်စု ၁၀၆၆ စုအတွက် ချေးငွေကျပ် ၃၂၇ ဒသမ ၃၅ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများဘဏ် (Myanmar Citizens Bank) နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ကျေးရွာ ငါးရွာအနက် ကျေးရွာ သုံးရွာ၊ အိမ်ထောင်စု ၂၇၀ အတွက် ချေးငွေကျပ် ၅၈ ဒသမ ၈ သန်း စတင်ထုတ်ချေးပေးခဲ့ပြီး ယခုအခမ်း အနားတွင် လယ်ဝေးမြို့နယ် ရွာသစ်ကြီး ကျေးရွာ အိမ်ထောင်စု ၁၀၂ စုအတွက် ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးမည်ဖြစ်ပြီး ကျန်ရှိနေသည့် ကျေးရွာကိုလည်း ဆက်လက်ထုတ်ချေး ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား များဘဏ် (Myanmar Citizens Bank) နည်းပညာအကြီးအကဲမှ Citizens Pay နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်း တင်ပြရာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက နိုင်ငံတော်အစိုးရက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး အထူးအားပေး ဆောင်ရွက် နေကြောင်း၊ မြစိမ်းရောင်စီမံကိန်း ချေးငွေများကို ငွေသားအစား Digital စနစ်ဖြင့် ဆောင်ရွက်သည့်အတွက် လုံခြုံ စိတ်ချရမှုရှိပြီး မြစိမ်းရောင်စီမံကိန်း၏ ပြောင်းလဲမှု တစ်ရပ်လည်းဖြစ်ကြောင်း ပြောကြားကာ Citizens Pay ဖြင့် မြစိမ်းရောင်အသင်းသား တောင်သူများ ထံသို့ ချေးငွေများ ထုတ်ချေးနေမှုကို ကြည့်ရှုအားပေးသည်။

Mobile Financial Payment စနစ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက် မိသားစုများသည် မိမိရွာအတွင်းရှိ နီးစပ်ရာ ကိုယ်စားလှယ်များထံတွင် အလွယ်တကူ ငွေထုတ်ယူနိုင်ခြင်း၊ ခရီးစရိတ် ကုန်ကျမှုများ မရှိတော့ခြင်း၊ Wallet ကိုအသုံးပြု၍ Digital နည်းပညာ များ၏ ထုတ်ကုန်များကို ရယူခံစားနိုင်ခြင်း၊ ဖုန်းငွေဖြည့်ခြင်း၊ ဘေလ်များပေးဆောင် ခြင်း၊ ချေးငွေများ ထုတ်/သွင်းခြင်းကို မိတ်ဖက် ပါတနာကုမ္ပဏီများထံမှ ဝန်ဆောင်မှုများကို အထူးဈေးနှုန်းဖြင့် ရယူနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ သည် လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာ အုပ်စု သက္ကချင်းကျေးရွာ၏ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူ ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော် ဦးစီးမှူးက စီမံကိန်းလုပ်ငန်းဆောင်ရွက် နေမှုများကိုလည်းကောင်း၊ အသင်းသား တောင်သူများက ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား လည်းကောင်း တင်ပြရာ ဒုတိယဝန်ကြီးနှင့်အဖွဲ့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၀ | ၂၉၂၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၅၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၅ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၂၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၅ | ၂၇၇၅ | ၂၉၉၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၅ | ၂၇၇၅ | ၂၉၉၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၉ | ၂၀၃၁ |
| 95 Ron | ၂၀၇၀ | ၂၁၄၅ |
| HSD (500 ppm) | ၂၅၀၁ | ၂၅၈၀ |
| HSD (50 ppm) | ၂၅၇၂ | ၂၆၅၃ |
| HSD (10 ppm) | ၂၅၇၂ | ၂၆၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကျိုက်ထိုမြို့နယ်၌ ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲနှင့် စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်

ကျိုက်ထို နိုဝင်ဘာ ၁၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၁၀၂)နှစ်မြောက် အမျိုးသားနေ့အကြို စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စွမ်းရည်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျိုက်ထိုမြို့ တောင်ပိုင်းရပ်ကွက် အမှတ် (၄) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အမျိုးသားအောင်ပွဲနေ့ အကြောင်းအား ဟောပြောခဲ့ပြီး ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကိုပြုလုပ်ရာ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဥပဒေများ၊ လူကုန်ကူးမှု ကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး၊ စိတ်ကြွရူးသွပ် ဆေးများ၏ အန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ် များ၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ကာကွယ် တားဆီးနေထိုင်ရေး အစရှိသည့် နံရံကပ်စာစောင်များအား ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ရခြင်းမှာ ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အထရရှိစေရေး၊ စဉ်းစားတွေးခေါ်မှု မြင့်မားစေရေးနှင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိလာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



## မိုးနဲမြို့နယ်၌ ကျောင်းအုပ်ကြီးများ အုပ်ချုပ်မှုစွမ်းရည်မြှင့် သင်တန်းဖွင့်

မိုးနဲ နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန်၊ ခေါင်းဆောင်မှုအရည်အသွေး မြင့်မားလာစေရန် ရည်ရွယ်၍ အခြေခံပညာကျောင်းအုပ်ကြီးများ အုပ်ချုပ်မှုစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော်တွင် သင်တန်းတက်ရောက်သင်ကြားလာခဲ့ သော မိုးနဲမြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေက သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်များနှင့် ရရှိမည့်အကျိုးသက်ရောက်မှုများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး အခြေခံပညာဦးစီးဌာန၏ စီမံ၊ ဘဏ္ဍာ၊ ပညာ၊ စီမံကိန်း စာရင်းအင်းလုပ်ငန်းများကိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ဦးတည်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီး ၄၅ ဦးတက်ရောက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ နှစ်ရက်ကြာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြို့နယ်ပညာရေးမှူး က သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

## ဟုမ္မလင်းမြို့၌ အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် ရှင်းလင်းဆွေးနွေး

ဟုမ္မလင်း နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသော မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကော်မတီ အစည်းအဝေးနှင့် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်နှင့် ပတ်သက်၍ ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထွန်းကြည်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးမွေးမြူရေးကော်မတီ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုထွေးက လယ်ယာကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုများအား ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်နှင်းသက်ဌေးက Powerpoint ဖြင့် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် (Contract Farming)နှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်နွယ်နွယ်စိန်က Powerpoint ဖြင့် ကောယားကျေးရွာအုပ်စု တုံလံကျေးရွာ၏ ကျေးရွာသယံဇာတမြေပုံနှင့် ရာသီခွင်ပြက္ခဒိန်ရေးဆွဲ ဆောင်ရွက်ထားရှိမှုတို့အား တင်ပြဆွေးနွေးခဲ့ကြသည်။



ထို့နောက် တက်ရောက်လာကြသော စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာကော်မတီဝင်များနှင့် လယ်ယာကဏ္ဍ မိတ်ဖက်ဌာနဆိုင်ရာများက ဟုမ္မလင်းမြို့နယ်တွင် စိုက်ပျိုးမွေးမြူသူတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

ယခင်အပတ်က Present Simple Tense သင်ခန်းစာပါ အကြောင်းအရာများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 5 Lesson 4: Filling in a form အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

**Lesson 4 : Filling in a form**

**(ကိုယ်ရေးအချက်အလက်ဖြည့်စွက်ခြင်း)**

- Filling in a form ကိုယ်ရေးအချက်ဖြည့်ခြင်း
- Writing about myself မိမိအကြောင်းရေးသားခြင်း

**Writing**

(၁) **Name** နာမည် ရေးသားသည့်အခါ I am ___./ My name is ____. ဟု ရေးသားရသည်။ မေးခွန်းမေးလျှင် What is your name? ဟု မေးရသည်။

(၂) **Date of birth** မွေးနေ့ကို ရေးသားသည့်အခါ My birthday is ____./ I was born on ____. ဟု ရေးသားရသည်။ မေးခွန်းမေးလျှင် What is your date of birth?/ When is your birthday? ဟု မေးရသည်။ (နေ့စွဲရေးသည့်အခါ 1, 2, 3, 21, 22, 23, 31 တို့ကို st, nd, rd တို့ဖြင့် ရေးရပြီး ကျန်သည့်ရက်များကို th ဖြင့် ရေးသားရသည်။ ဥပမာ။ $1^{st}$, $2^{nd}$, $3^{rd}$, $21^{st}$, $22^{nd}$, $23^{rd}$, $31^{st}$, $12^{th}$, $13^{th}$, …)

(၃) **Age** အသက်ကို ရေးသားသည့်အခါ I am 12./ I am 12 years old./ My age is 12. ဟု ရေးသားရသည်။ မေးခွန်းမေးသည့်အခါ How old are you?/ What is your age? ဟု မေးရသည်။

(၄) **Nationality** လူမျိုးကို ရေးသားသည့်အခါ I am ___. ဟု ရေးသားရသည်။ မေးခွန်းမေးလျှင် What is your nationality? ဟု မေးရသည်။

(၅) **Grade** အတန်းရေးသည့်အခါ I am in Grade ___./ I am a Grade ___ student. ဟု ရေးသားရသည်။ မေးခွန်းမေးလျှင် What is your grade?/ What grade are you in? ဟု မေးရသည်။

(၆) **Section** စာသင်ခန်းကို ရေးသားသည့်အခါ I am in Section ___. ဟု ရေးသားရပြီး မေးခွန်းမေးလျှင် What Section are you in? / What is your Section?ဟု မေးရသည်။

(၇) **Father's name** အဖေနာမည်ကို ရေးသားသည့်အခါ My father is U ___. ဟု ရေးသားရသည်။ မေးခွန်းမေးလျှင် What is your father's name? ဟုမေးရသည်။

(၈) **Father's occupation** အဖေရဲ့အလုပ်အကိုင်ကို ရေးသည့်အခါ My father is a ___. / My father's job/ occupation/ profession is a____. / My father works as a ____. မေးခွန်းမေးလျှင် What is your father?/ What is your father's job/ occupation/ profession? ဟု မေးရသည်။

(၉) **Address** နေရပ်လိပ်စာကို ရေးသားသည့်အခါ I live at No. ___ in ___. ဟုရေးရသည်။ (အိမ်လိပ်စာ၊ လမ်း၊ ရပ်ကွက်၊ မြို့နယ်၊ မြို့၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်း စသည်ဖြင့် ဖော်ပြရသည်။ အိမ်နံပါတ်ကိုဖော်ပြသည့်အခါ at ကိုသုံးပြီး ကျန်တာကို ဖော်ပြသည့်အခါ (,) သို့မဟုတ် in ကို သုံးရသည်။ လမ်းမကြီး (Road) ဆိုလျှင် on ကိုသုံးပါ။ Street ဆိုလျှင် in ကိုသုံးရသည်။)

(၁၀) **Contact No/Phone No** ဖုန်းနံပါတ်ကို ရေးသည့်အခါ My phone number is 09_____. ဟု ရေးသားရသည်။ မေးခွန်းမေးလျှင် What is your phone number? ဟု မေးရသည်။

**(A) Read the text and fill in the form given below.**

**(စာပိုဒ်ဖတ်ပြီး အောက်ပါအချက်အလက်များကို ဖြည့်စွက်ပါ။)**

My name is Nyein Chan. I live in Hpa–an. I am a Grade 6 student. I go to State High School No. 1. I am in Section A. I was born on $15^{th}$ October, 2007 and now I am 12. My father's name is U Aung Chan, and my mother is Daw Mya Hnin. There are five members in my family. I have one elder sister and one younger sister. I am an only son. My pet name is "Pho Thar". I live at No 22, Bogyoke Street, Hpa–an, Kayin State. My contact number is 09–797169699.

My father is an engineer, and my mother is a good housewife. My elder sister is now in Grade 8. My younger sister is in the Kindergarten. I am interested in Science and Mathematics. I always get high marks in these two subjects in most of the tests. I want to be an engineer like my father one day. My ambition is to build big bridges in Myanmar.

1. What's his nationality?
   ------------------------------
2. How old is he?
   ------------------------------
3. What's his date of birth?
   ------------------------------
4. What Grade is he in?
   ------------------------------
5. Where does he live?
   ------------------------------
6. What's his father?
   ------------------------------
7. What is he interested in?
   ------------------------------
8. What is his ambition?
   ------------------------------
9. How many people are there in his family?
   ------------------------------
10. What subjects is he good at?
   ------------------------------

**(B) Write a paragraph about yourself.**

**(သင့်အကြောင်း စာပိုဒ်တစ်ပိုဒ်ရေးပါ။)**

Myself

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

____________________

++++++++++++++++++++++++++

(လာမည့်အပတ်တွင် Unit:6 Lesson 1: Let's eat out! အကြောင်း ဖော်ပြပါမည်)

## Grade 7

ယခင်အပတ်က Lesson 2 : A Holiday in Mandalay သင်ခန်းစာအကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Yes/No Questions အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Grammar**

**Yes/ No Questions (or) Interrogative Question**

**(သလားမေးခွန်း)**

သလားမေးခွန်း ပြုလုပ်သည့်အခါ အကူကြိယာများကို ဝါကျရှေ့သို့ပို့ပါ။ အကူကြိယာမပါသောဝါကျများတွင် အကူကြိယာအဖြစ် do, does, did တို့ကို အကူအညီခေါ်ရသည်။

အကူကြိယာများမှာ am, is, are, was, were, do, does, did, has, have, had, can, could, will, would, shall, should, may, might, must တို့ဖြစ်သည်။

**အောက်ပါဥပမာများကို လေ့လာပါ။**

(1) <u>Verb to be</u>

- Verb to be (am, is, are, was, were) တို့ဖြင့်ရေးထားသော ဝါကျများကို မေးခွန်းဝါကျပြောင်းပါက Verb to be ကို ရှေ့သို့ ပို့ရေးရသည်။

e.g. (1) He <u>is</u> a student.
**မေးခွန်း**– <u>Is</u> he a student?
**အဖြေ**– Yes, he is. (OR) No, he isn't.

e.g. (2) They <u>are</u> soldiers.
**မေးခွန်း**– <u>Are</u> they soldiers?
**အဖြေ**– Yes, they are. (OR) No, they aren't.

e.g. (3) I <u>am</u> a lawyer.
**မေးခွန်း**– <u>Are</u> you a lawyer?
**အဖြေ**– Yes, I am. (OR) No, I'm not.

(2) <u>Verb to have</u> ပိုင်ဆိုင်ခြင်း (has, have, had, will have)

**has, have (Present Tense ယခုကာလပိုင်ဆိုင်ခြင်း)**

e.g. (1) He <u>has</u> a motorbike.
**မေးခွန်း**– <u>Does he have</u> a motorbike?
**အဖြေ**– Yes, he does. (OR) No, he doesn't.

e.g. (2) They <u>have</u> two sisters.
**မေးခွန်း**– <u>Do they have</u> two sisters?
**အဖြေ**– Yes, they do. (OR) No, they don't.

(has, have တို့သည် ပိုင်ဆိုင်ခြင်းဝါကျတွင် အဓိကကြိယာများဖြစ်သည်။ ဒါကြောင့် မေးခွန်းပုံစံပြောင်းရေးပါက do, does တို့ကို အကူအညီခေါ်ရသည်။ do, does တို့ရဲ့အနောက်တွင် have ပုံစံတစ်ခုသာ လိုက်သည်။)

**had (Past Tense အတိတ်ကာလ ပိုင်ဆိုင်ခြင်း)**

e.g. (1) She <u>had</u> a car last year.
**မေးခွန်း**– <u>Did she have</u> a car last year?
**အဖြေ**– Yes, she did. (OR) No, she didn't.

e.g. (2) We <u>had</u> three houses ten years ago.
**မေးခွန်း**– <u>Did you have</u> three houses ten years ago?
**အဖြေ**– Yes, you did. (OR) No, you didn't.

(had သည် past tense (အတိတ်ကာလ) ဖြစ်တဲ့အတွက် did ကို အကူအညီခေါ်ရသည်။ did ရဲ့အနောက်တွင် have ကိုသာရေးရသည်။)

**Will have (Future Tense အနာဂတ်ကာလ ပိုင်ဆိုင်ခြင်း)**

e.g. (1) She <u>will have</u> a new house next year.
**မေးခွန်း**– <u>Will she have</u> a new house next year?
**အဖြေ**– Yes, she will. (OR) No, she won't.

<u>(3) Verb to do</u>

<u>Present Simple (V1)</u>

e.g. (1) I <u>like</u> tea.
**မေးခွန်း**– <u>Do you like</u> tea?
**အဖြေ**– Yes, I do. (OR) No, I don't.

e.g. (2) She <u>eats</u> fish.
**မေးခွန်း**– <u>Does she eat</u> fish?
**အဖြေ**– Yes, she does. (OR) No, she doesn't.

<u>Past Simple (V2)</u>

e.g. (1) He <u>ate</u> fried rice.
**မေးခွန်း**– <u>Did he eat</u> fried rice?
**အဖြေ**– Yes, he did. (OR) No, he didn't.

**အောက်ပါဝါကျများကို မေးခွန်းပုံစံပြောင်းပါ။**

1. I saw her yesterday.
2. Mother sold the old bike.
3. Teacher gives homework to us.
4. Her mother sells vegetables.
5. Your grandpa tells a story to you.
6. We play football.
7. They have two sisters.
8. There are four people in the room.
9. He was an army officer.
10. Mother has two umbrellas.

*Ans:* *1. Did you see her yesterday?*
*2. Did mother sell the old bike?*
*3. Does teacher give homework to you/us?*
*4. Does her mother sell vegetables?*
*5. Does your grandpa tell a story to you?*
*6. Do you play football?*
*7. Do they have two sisters?*
*8. Are there four people in the room?*
*9. Was he an army officer?*
*10. Does mother have two umbrellas?*

(ဆက်လက်ဖော်ပြပါမည်)

# Grade 8

## Unit 6

## Lesson 3: Environmentally-friendly lifestyle

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. She was busy with h __________ work today.
2. R_________ is the best method to protect the environment by reducing carbon.
3. P_________ does not burn easily.
4. We shouldn't use plastic bags when s____________.
5. Put all the r___________ in the dustbin.
6. A noisy smoke-filled room is not the best e___________ to work in.
7. Mother poured milk into a g____________.
8. They were very f__________ to me when I first arrived.
9. It is necessary for me to wear a school u___________.
10. T_________s are very important to us just like food and water.

**II. Supply the correct form of the verbs given in brackets.**

1. (recycle) The Japanese ___________ more than half their waste paper.
2. (use) He _________ a phone while the accident happened.
3. (brush) I _________ my teeth after meals.
4. (turn) When you reach the traffic lights, _________ left.
5. (throw) I quickly ___________ sand on the fire.

**III. Complete the sentences with the words given below. There are two extras.**

| | | | |
|---|---|---|---|
| recycling | rubbish | friendly | environmentally |
| tissue | transport | plastic | |

1. To protect wildlife, use biodegradable, ___________ friendly products.
2. He was a very nice person, always pleasant and _________.
3. The supermarket has installed __________ bins for old newspapers, bottles and cans.
4. She handed me a _________ just as I sneezed.
5. ___________ has always been the key to developing trade.

**IV. Fill in the blanks using must or mustn't.**

1. You ___________ raise your hand to speak.
2. You _________ study hard if you want to pass your exams.
3. You _________ sleep in class.
4. You _________ arrive late to school.
5. You _________ listen to the teacher.
6. You _________ bring your books to school every day.
7. You _________ play in class.
8. You _________ finish your exercises on time.
9. You _________ bully your classmates.
10. You _________ forget your homework.

**V. Complete the sentences with must, have to, or has to.**

1. I ___________ remember to give Ko Ko the message.
2. Mum says you ___________ take out the garbage.
3. I _________ hurry. I don't want to be late again.
4. My brother _________ be at his office at half-past eight every day.
5. We _________ wear a uniform at school.
6. I really _________ exercise more often.
7. My sister _________ work late almost every day.
8. I _________ study harder. I got a bad grade on my mid-term test.
9. He _________ stop eating fast food. He wants to lose weight.
10. You _________ pay if you want to use the computer.

**VI. Choose the correct answer.**

1. She passed the test. She **mustn't/ doesn't have to** take it again.
2. I **mustn't / don't have to** forget to tell him about the meeting.
3. You **mustn't / don't have to** come if you don't want to, but it might be fun.
4. Hide this behind the tree! We **mustn't/ don't have to** let anyone see us.
5. "You **mustn't/ don't have to** talk to strangers," my mother told me.
6. She **mustn't/ doesn't have to** wash the car. Her brother washed it this morning.
7. You **mustn't/ don't have to** disturb your father. He's very tired.
8. You **mustn't/ don't have to** wear a suit. You can wear your jeans.
9. My mother always says that I **mustn't / don't have to** pick my nose.
10. One **mustn't/ don't have to** use rude words to his/ her elders.
11. You **mustn't/ don't have to** finish your homework now, you still have time.
12. A good driver **mustn't / don't have to** drive irresponsibly.
13. It's OK, you **mustn't/ don't have to** pay for it right now.
14. You **mustn't / don't have to** come with us if you don't feel like to.
15. You **mustn't / don't have to** cross the street when the red light is on.

**Answer**

**Lesson 3: Environmentally-friendly lifestyle**

I. 1. household; 2. Recycling; 3. Plastic; 4. shopping; 5. rubbish; 6. environment; 7. glass; 8. friendly; 9. uniform; 10. trees;

II. 1. recycle; 2. was using; 3. brush; 4. turn; 5. threw;

III. 1. environmentally; 2. friendly; 3. recycling; 4. tissue; 5. transport;

IV. 1. must; 2. must; 3. mustn't; 4. mustn't; 5. must; 6. must; 7. mustn't; 8. must; 9. mustn't; 10. mustn't;

V. 1. must; 2. have to; 3. must; 4. has to; 5. have to; 6. must; 7. has to; 8. must; 9. must; 10. have to;

VI. 1. doesn't have to; 2. mustn't; 3. don't have to; 4. mustn't; 5. mustn't; 6. doesn't have to; 7. mustn't; 8. don't have to; 9. mustn't; 10. mustn't; 11. don't have to; 12. mustn't; 13. don't have to; 14. don't have to; 15. mustn't;

# Grade 9 (စနစ်ဟောင်း)

## Making Wh questions

မေးခွန်းဝါကျပြုလုပ်ရာတွင် Helping Verbs များကို ဝါကျအရှေ့ထုတ်ပေးရသည်။ Helping Verbs အကူကြိယာတွေ မပါဘူးဆိုရင် V1 ဖြစ်ပါက do/does၊ V2 ဆိုရင် did ကို ဝါကျအရှေ့ပို့ပေးရသည်။

e.g. Subject — Helping Verbs — Main Verb ...(ရိုးရိုးဝါကျ)
Helping Verbs — Subject — Main Verb? (အမေးဝါကျ)

e.g. Subject — Main Verb — ...... (ရိုးရိုးဝါကျ)
Do/Does/Did — Subject Main Verb? (အမေးဝါကျ)

(Helping Verbs တွေက am, is, are, was, were, do, does, did, can, could, shall, should, will, would, may, might, must, has/ have+V3 တို့ပဲဖြစ်ပါတယ်။)

e.g. They are hungry.
Are they hungry?

e.g. She eats beef.
Does she eat beef?

e.g. He bought a new car.
Did he buy a new car?

### Wh questions

**Wh မေးခွန်းများပြုလုပ်ရာတွင်**

၁။ လူ (Subject) ကို မေးရင် **Who Main Verb...?**
e.g. Who bought a new car yesterday?

၂။ လူ (Object) ကိုမေးရင်
**Whom/Who helping verb Subject Main Verb?**
e.g. Whom/Who did he see this morning?

၃။ အရာပစ္စည်း (Subject) ကို မေးရင် **What Main Verb....?**
e.g. What makes us ill?

၄။ အရာပစ္စည်း (Object) ကို မေးရင် **What helping verb Subject Main Verb?**
e.g. What do you eat?

၅။ ပိုင်ဆိုင်မှုကို မေးရင် **Whose Noun helping Verb Subject Main Verb?**
e.g. Whose dictionary is this? (or) Whose is this dictionary?

၆။ နေရာကို မေးရင် **Where helping Verb Subject Main Verb?**
e.g. Where is father reading the newspaper?

၇။ ရွေးချယ်မှုကို မေးရင် **Which (noun) helping verb Subject main verb?**
e.g. Which colour do you like most?

၈။ အချိန်ကို မေးရင် **When helping Verb Subject Main Verb?**
e.g. When do you get up every morning?

၉။ အကြောင်းပြချက် (သို့မဟုတ်) ရည်ရွယ်ချက်ကို မေးရင် **Why helping verb subject main verb?**
e.g. Why did the headmaster award the students? (အကြောင်းပြချက်)
e.g. Why did Myo Myo bring the rose flower to school? (ရည်ရွယ်ချက်)

၁၀။ ပြုမူဆောင်ရွက်ပုံကို မေးရင် **How helping verb subject main verb?**
e.g. How do you go to school?

၁၁။ ပမာဏကို မေးရင် **How much helping verb subject main verb?**
e.g. How much milk is there in the bottle?

၁၂။ အရေအတွက်ကို မေးရင် **How many helping verb subject main verb?**
e.g. How many students are there in the class?

၁၃။ ကြာချိန်ကို မေးရင် **How long helping verb subject main verb?**
e.g. How long have they been here?

၁၄။ အကြိမ်အရေအတွက်ကို မေးရင် **How often helping verb subject main verb?**
e.g. How often does she visit her granny?

၁၅။ အကွာအဝေးကို မေးရင် **How far helping verb subject main verb?**
e.g. How far is your house from here?

၁၆။ အသက်ကို မေးရင် **How old helping verb subject main verb?**
e.g. How old are you?

၁၇။ အချိန်ကို မေးရင် **What time helping verb subject main verb?**
e.g. What time does father leave for office?

(၁) သင့်လျော်သောမေးခွန်းများပြုလုပ်ပါ။

1. I want a new motorbike.
What ________________________________?
2. She is drinking milk.
What ________________________________?
3. They will buy a car next month.
What ________________________________?
4. U Ba killed the snake with a stick this morning.
Who ________________________________?
5. Min Min won the State lottery last month.
Who ________________________________?
6. My father tells me to pay respects to the elders.
Who ________________________________?
7. I like the red shirt among these.
Which one ________________________________?
8. They do their homework at night.
When ________________________________?
9. U Maung Khin came to the party alone.
Who ________________________________?
10. The car is across the street from the house.
Where ________________________________?
11. I like the blue car, not the white one.
Which ________________________________?
12. I will go to Mandalay next Monday.
Where ________________________________?
13. That is an English book.
What ________________________________?
14. My sister called her old friend yesterday.
When ________________________________?
15. The party lasted all night.
How long ________________________________?
16. She studies music at the university.
What ________________________________?
17. Moe Moe told you the truth of the accident.
Who ________________________________?
18. My parents have two cars.
How many ________________________________?
19. They are coming to visit us tomorrow.
When ________________________________?
20. She felt sad because she didn't bring her dictionary yesterday.
Why ________________________________?

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– သကမ–၁၆၊ မြေကွက်အမှတ်– ၇၄၃–က၊ အကျယ် (၂၀'x၆၀')၊ မြေအမျိုးအစား– ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၇၄၃/က)၊ ဦးပေါ်ဦးလမ်း၊ ၁၈–ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးအောင်ကြည် (ဘ) ဦးတင်ငွေ (K/RGN–၀၂၉၃၄၉) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၁၃–၅–၂၀၁၀)ရက်စွဲပါ "အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"အရ ဦးကြင်ဟင်း(ခ)ဝါကြင်ဟင်း [၁၄/မအပ(ဧည့်)၀၀၀၀၉၂]နှင့် ဒေါ်စန်းမြင့် [၁၄/မအပ(နိုင်)၀၁၂၇၆၀]တို့က မိမိတို့ပူးတွဲဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် (၃၈၁)၊ နဝရတ်အောက်(၁)လမ်း၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေကွက်ထဲမှ (၁၀x၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်စိုင်နပ်ဘီ အမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိ မိမိသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိန်းမြင့် [၁၂/သကတ(နိုင်)၂၁၈၃၇၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ယုနန်းခိုင်ဇာဝင်း [၁၂/သကတ(နိုင်)၁၉၇၂၂၉] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးပပလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၂၇၂)**
**အမှတ်(၂၈၅/ခ)၊ ဇေယျာဝတီ(၆)လမ်း၊ (၁၂) ရပ်ကွက်၊ ၁၀/တောင်၊**
**သာကေတမြို့နယ်။ ဖုန်း–၀၉–၄၂၁၀၃၈၇၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (၂၅)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ် (၈၃)၊ ဧရိယာ (၀.၀၅၅)ဧက၊ (အလျား ၄၀ပေ x အနံ ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဦးတင်ဖေ (AMA–၀၉၉၆၆၅) တစ်ဦးတည်းအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေယုလှိုင်[၁၄/ဓနဖ(နိုင်) ၁၁၆၇၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငုဝါထွန်း(LL.B, M.B.L, D.B.L, D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၀၃၀/၁၃)**
**အမှတ်–(၅၅၃)၊ ထီးလှိုင်ရှင်လမ်း၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်– ၁၆၆၊ ၂ ခန်းတွဲ ၃ ထပ်တိုက်မှ ပထမထပ် (လက်ယာဘက်အခန်း)၊ ဧရိယာ (၁၇ပေ x ၆၀ပေ)ရှိ (ရေ၊ မီး၊ လျှပ်စစ်မီတာ၊ ရေစက်မော်တာ၊ အပါအဝင် တိုက်ခန်းတစ်ခန်း) နှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားနေထိုင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ကြည် [၁၂/ပဘတ(ဧည့်)၀၀၀၀၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ် ဦးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ (၁၀–၁၁–၂၀၂၂)ရက်က ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေများအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းအောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၀၁၈၅) (၁၉၉၄)**
**အမှတ်(၇၉)၊ ၁၀၁–လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။**
**ဖုန်း– ၀၉–၄၄၃၀၃၅၇၄၉၊ ၀၉– ၇၇၅၀၆၀၇၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်–၆/၈ (အေ/၈လွှာ)နေ ဒေါ်မြင့်မြင့်ဆွေ(ခ) ဒေါ်လဲ့လဲ့ဆွေ [၁၂/ကတတ(နိုင်) ၀၀၉၉၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်–၂၄(၄လွှာ) ခေါင်းရင်းခန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ခင်မျိုးနိုင် [၁၂/မဂတ(နိုင်)၁၁၉၀၆၁] အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်၍ မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်ဝင်း (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၂၉၁)**
**တိုက်–(၇)၊ အခန်း–(၈)၊ မြေညီ၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊**
**(၂)ရပ်ကွက်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၅၁၃၀၉၇၃၊ ၀၉– ၉၇၄၅၃၃၇၁၂**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁၃/၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်)

၁။ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်–

(က) **စက်နှင့် စက်အရန်ပစ္စည်းများဝယ်ယူခြင်း**
Elevator for Prilling Tower, Lubrication Oil 55 Gallons Drum Filling Machine, Standard Gas Cylinder (Synthesis Gas Mixture), Spare for Synthesis Gas Compressor,

(ခ) **ဓာတုဗေဒပစ္စည်း**
Nalco–352, Neutralizer (BPR 81175), Ultra Coolant Oil, Water Treatment Chemical (Bioside), Water Treatment Chemical (Scale Inhibitor), Water Treatment Chemical (Corrosion Inhibitor)

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် – ၁၄–၁၁–၂၀၂၂ ရက်
၃။ တင်ဒါပိတ်မည့်ရက်/အချိန် – ၂၈–၁၁–၂၀၂၂ ရက်(၁၂:၀၀နာရီ)
၄။ တင်ဒါပိတ်မည့်နေရာ – စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊
ရုံးအမှတ်(၄၄)၊ နေပြည်တော်။
၅။ အိတ်ဖွင့်တင်ဒါကို ၁၄–၁၁–၂၀၂၂ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ သန်လျင်မြို့တွင် (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအတွင်း လာရောက်ဝယ်ယူနိုင်ပါသည်–

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်။**
**ဖုန်း– ၀၆၇–၃၄၁၁၁၂၃၊ ၀၆၇–၃၄၁၁၁၉၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅)
## တွံတေးမြို့နယ်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၉

ဒေါ်သင်းဇာနည် နှင့် ဦးမိုးဝင်းအောင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်–၆၁/ခ၊ သူရသတီလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ တရားပြိုင် ဦးမိုးဝင်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်၊ (၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သဉ္ဇာဝင့်ရည်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တွံတေးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၄၀

ဦးတင်ထွန်းအောင် နှင့်
၁။ ဒေါ်ကျင်မြ
၂။ မောင်ဝင်းမောင်
၃။ မောင်စိုးမြင့်
၄။ ဦးစိန်မြ
၅။ ဒေါ်အေး
၆။ ဦးထွန်းတင်
၇။ ဒေါ်ရွှေတင်
၈။ ဦးစံ
၉။ ဒေါ်သန်းစိန်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်–၅၈၀ နေ (၁) တရားပြိုင် ဒေါ်ကျင်မြ၊ (၂) တရားပြိုင် မောင်ဝင်းမောင်၊ (၃) တရားပြိုင် မောင်စိုးမြင့်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅ လမ်း၊ ဗဟိုရ်စည်ရပ်ကွက်၊ အမှတ်– ၃ နေ (၄) တရားပြိုင် ဦးစိန်မြ၊ (၅) တရားပြိုင် ဒေါ်အေး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇ လမ်း၊ အမှတ်– ၄၅ နေ (၆) တရားပြိုင် ဦးထွန်းတင်၊ (၇) တရားပြိုင် ဒေါ်ရွှေတင်၊ (၈) တရားပြိုင် ဦးစံ၊ (၉) တရားပြိုင် ဒေါ်သန်းစိန် (ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။

သင့်အပေါ်၌ ဦးတင်ထွန်းအောင်က ကျောက်တံတားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်– ၃၄၀/၂၀၂၂ တွင် မြေနှင့် အိမ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်၊ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်သူရ)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

## ဥတုရာသီ တောကိုမှီ၏

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)မှ သံထည်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၃၀–၁၁–၂၀၂၂ ရက်တွင် တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| က။ | သံထည်ပစ္စည်း | ၁၄ မျိုး | ၃၀–၁၁–၂၀၂၂ | ၁၂:၀၀ | ၃၀–၁၁–၂၀၂၂ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁၅)ရက် ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်နှင့် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း–၀၉– ၂၅၄၂၂၉၉၈၃ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မိုးမခ(၆)လမ်း၊ မြေကွက်အမှတ်(၁၀၈၁)၊ မြေအကျယ်အဝန်း(၄၁ပေ×၆၀ပေ)၊ ဧရိယာ (၀.၀၅၆)ဧက၊ (၂၄၆၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်အေးအေးမြင့်(၁၂/မရက(နိုင်)၁၆၀၃၈၁) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာထွန်း(၁၂/လမန(နိုင်)၁၄၉၈၁၀)ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၅၅၄)** | **အထက်တန်းရှေ့နေ (စဉ်–၅၃၃၄၄)** |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၄၂၈၀၂၂၃၈၄၊ ၀၉–၄၂၆၈၇၆၆၆၀၊

## "ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မာဃ(၆)လမ်း၊ မြေကွက်အမှတ်(၆၅၇/က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်လွှာချင်း (၆)ထပ်တိုက် အဆောက်အဦ၏ ပထမထပ်၊ (၂)လွှာ၊ အကျယ်အဝန်း (၁၈ပေ x ၅၄ပေ)ရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

အထက်ပါတိုက်ခန်းသည် ဒေါ်နှင်းနွယ်စိုး [၁၂/တမန(နိုင်) ၁၀၀၄၄၅] ကိုင်ဆောင်ထားသူ တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားပြီး အရှုပ်အရှင်းကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသက်လျှံဝင်း [၁၀/မဒန(နိုင်)၁၅၁၆၆၀]ကိုင်ဆောင်ထားသူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသက်လျှံဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်စမ်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄–မြေညီထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၄၂၀၂၃၅၆၆၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ သီရိ(၇) လမ်း၊ အမှတ်(၂၅)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂–အေ)၊ မြေကွက်အမှတ် (၁၉၈)၊ မြေအကျယ်အဝန်း (၇၀ပေx၉၀ပေ)၊ ဧရိယာ(၀.၁၀၅)ဧက၊ စတုရန်းပေ ၆၃၀၀ ရှိသော ဒေါ်မေသန္တာထွန်း [၁၂/လမတ(နိုင်)၀၀၁၁၀၃]၊ ဒေါ်မေရီမာထွန်း [၁၂/လမတ(နိုင်)၀၂၇၆၄၇]နှင့် ဦးမျိုးကိုကို[၁၂/မရက(နိုင်)၁၁၈၇၈၃]တို့ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပါ ဂရန်အမည်ပေါက် ပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်ဇော် [၁၂/လမန(နိုင်)၁၆၆၁၄၄]က ဝယ်ယူရန်အတွက် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးအုန်းသောင်း (LL.B)** | **ဦးဇေယျာဇင်သောင်း (LL.B)** | **ဦးရောအုန်းသောင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၆၃၁၃)(၄–၁–၁၉၉၅)** | **(စဉ်–၁၁၁၀၈)(၃၀–၈–၂၀၁၆)** | **(စဉ်–၁၄၉၉၅)(၁၃–၁–၂၀၁၈)** |

**ဖုန်း–၀၉–၇၇၉၉၉၉၈၈၁၊ ၀၉–၈၈၂၆၇၄၅၇၈၊ ၀၉–၇၇၀၆၈၈၈၈၁**
**တိုက်အမှတ် ၁၉၆ (မြေညီထပ်)၊ ဘရဏီလမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပ။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၃၅/က)၊ (အလျား ၂၀ပေ x အနံ ၆၀ ပေ)၊ ဒေါ်မြသွေး အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC (၂)ထပ်၊ အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သည်ဟု ဝန်ခံသူ ဒေါ်မြသွေး [၁၂/တမန(နိုင်) ၀၈၈၆၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျော့ကေသီတင် [၇/ပခတ(နိုင်)၀၇၈၄၅၃]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေကြေးများအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက် မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျော့ကေသီတင် [၇/ပခတ(နိုင်) ၀၇၈၄၅၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဟိန်းမင်းသန့် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၀၃၂)**
**အမှတ်(၇၄၀)၊ ကျွန်းချွေမြိုင်(၁၁)လမ်း၊ (၁၈/C)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09– 444584640**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ(၁၉)လမ်း၊ အမှတ်(၇၅၆)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်(၄–လွှာ)၊ (ခေါင်းရင်းခြမ်း/အေ) အကျယ်အဝန်း (၁၈x၅၄)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်သင်းသင်းဝေ [၁၂/အစန(နိုင်)၀၀၀၀၇၇]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူ မဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B,D.B.L(စဉ်–၁၅၉၇၅)** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၆၁)** |

**အမှတ်–၁၀၁၊ ပထမထပ်၊ ၃၉–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

| | | |
|---|---|---|
| **ဖုန်း–၀၉–၇၉၈၈၂၇၅၉၀** | **၀၉–၇၉၀၁၂၃၄၈၀** | **၀၉– ၅၀၅၃၁၀၇** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်၍မရနိုင်သည်ကို နားလည်သဘောပေါက်၍ ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...**

❖ **တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ်ပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြိမ်(၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများအပြီး ထုတ်ပြန်ခဲ့သည့် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းအပေါ် အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံက ကန့်ကွက်

အကြိမ်(၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများကို ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ခြင်းနှင့် အဆိုပါအစည်းအဝေးများအပြီး တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အား ထုတ်ပြန်ခဲ့ခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တွေ့ရှိရပါသည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့၏တောင်းဆိုမှုအရ အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်(၅)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအကြား အဆင့်တူ တန်းတူကိုယ်စားပြုရေး "မူ" နှင့် သွေဖည်၍ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုသာ အကြိမ် (၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများနှင့် ဆက်စပ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်ပါပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို တိကျစွာလေးစားလိုက်နာလျက်ရှိပြီး၊ တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် အာဆီယံ၏အရေးကိစ္စရပ်များကို တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံအား တန်းတူရည်တူ မဆက်ဆံခြင်းနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တိုက်ရိုက်တင်ပို့နေသော တတိယမြောက်သင်္ဘော မကြာမီထွက်ခွာမည်

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကြား ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရန် ဆန်ရောင်းဝယ်မှုဆိုင်ရာ G to G သဘောတူစာချုပ်အရ ရန်ကုန်ဆိပ်ကမ်းမှ ဆန်တင်ပို့ရာတွင် ဆန်တန်ချိန်အချို့ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်မှုမြို့တော်ဆိပ်ကမ်းမှ တင်ပို့လျက်ရှိရာ ဆန်တန်ချိန် ၂၆၅၀ တင်ဆောင်လျက်ရှိသော တတိယမြောက် ဆန်သင်္ဘော မကြာမီရက်ပိုင်းအတွင်း ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ တိုက်ရိုက်တင်ပို့မှုအစီအစဉ်အဖြစ် ဆန်တန်ချိန် ၂၆၅၀ ကို နိုဝင်ဘာ ၂ ရက်တွင် MV MCL-7 သင်္ဘောဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၇ ရက်တွင် MV MCL-21 သင်္ဘောဖြင့် ဆန်တန်ချိန်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✪




**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၇၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၅ ဦးတွေ့ရှိ**

စာမျက်နှာ » ၁၂

**ရေစကြိုမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ဇေယျသိမ်ကျောင်းတိုက်မှ ဆရာတော် ဥူးအာစာရ ၄၂ နှစ်၊ ဝါတော် ၂၃ ဝါအား သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်**

စာမျက်နှာ » ၁၅

## တပ်မတော် (ကြည်း/ရေ/လေ) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း/ဖလား တပ်မတော်(ကြည်း/ရေ/လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် " က " အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားပုံများကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD Channel၊ MWD HD Channel ၊ MWD Variety HD Channel နှင့် MWD Education, Knowledge & Sports HD Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**